http://www.dhammadownload.com

အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရား

ရေးသားစီရင်အပ်သော

ဝိသုဒ္ဓိမဂ်-မဟာဋီကာ
သမယန္တရပိုင်း ဂဏ္ဌိနိဿယ

ကွယ်လွန်သူ ဒါယိကာမကြီး လေဒီမြဘူးကောင်းမှု

အုပ်ရေ (၁၀၀၀)

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်
သီရိမင်္ဂလာကုန်းမြေ ကမ္ဘာအေး ရေကူး

သာသနာ ၂၅၀၆ ကောဇာ ၁၃၂၄ ၁၉၆၂

http://www.dhammadownload.com MH3000051

အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရား

ရေးသားစီရင်အပ်သော

ဝိသုဒ္ဓိမဂ်-မဟာဋီကာ သမယန္တရပိုင်းဂဏ္ဌိနိဿယ

ကွယ်လွန်သူ ဒါယိကာမကြီး လေဒီမြဘူးကောင်းမှု

အုပ်ရေ (၁၀၀၀)

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်
သီရိမင်္ဂလာကုန်းမြေ ကမ္ဘာအေး ရန်ကုန်

သာသနာ ၂၅၀၆ ကောဇာ ၁၃၂၄ ၁၉၆၂

http://www.dhammadownload.com

အကြောင်းအရာ

ဤ မဟာဋီကာ သမယန္တရပိုင်း ဂဏ္ဌိနိဿယကို ပုံနှိပ်ဖြန့်ဝေခြင်း၏ အကြောင်းမှာ ရှေးကာလများက ဤသမယန္တရပိုင်းကို ကြည့်ရှုသောအခါ ပို့ချသောအခါများတွင် ပုဒ်ပါဋ္ဌရင်း အနက်ဋ္ဌရင်း များစွာသံသယ ဖြစ်လျက် အားမရပဲ ရှိခဲ့၏၊ အချို့ပုဒ်များကို အနက်မပြန်ရဲအောင်ပင် သံသယ ရှိခဲ့၏၊ သမယန္တရဆိုင်ရာ ကျမ်းရင်းကိုမကြည့်ရပဲ အနက်ပြန်လျှင် ထို သမယန္တရဝါဒီတို့၏ အယူ အဆနှင့် ကိုက်ညီ လိမ့်မည်ဟု မထင်မိပေ။ ထို့ကြောင့် ဤအပိုင်းကို ပို့ချပေးသောအခါ မရဲတရဲနှင့် အချို့ကိုသာလျှင် အနက်ပြန်၍ ပို့ချနိုင်သည်၊ အချို့မှာ အနက်မပြန်ပဲ ချန်ထားခဲ့ရ၏။ သမယန္တရပိုင်းဆိုင်ရာ ကျမ်းရင်းတို့ကို မတွေ့ရသော အခြား ပါဠိကျမ်းဂန်တတ် ပုဂ္ဂိုလ်ထဲမှာလည်း မိမိကဲ့သို့ပင် အားမရပဲ အခက်အခဲနှင့် တွေ့နေသူတွေ ရှိကောင်း ရှိလိမ့်မည်ဟုထင်မိ၏။ ထို့ကြောင့် ဤသမယန္တရပိုင်းကို နိဿယ ရေးရန်အတွက် သမယန္တရကောဝိဒဖြစ်တော်မူကြသော ဆရာတော်တို့အား လျှောက်ထားတောင်းပန်လိုသောစိတ်ဆန္ဒ များစွာ ဖြစ်ခဲ့ဘူး၏၊ ဆရာတော်ကြီးတပါးကိုမူ လျှောက်ထားတောင်းပန်ခဲ့ဘူး၏။ သို့သော် ထိုဆရာတော်ကြီးမှာလည်း အချိန်မရသဖြင့် ရေးသားနိုင်ခြင်း မရှိခဲ့။ ယခုအခါမှာမူ မိမိ အားကိုးထားသော ထို ဆရာတော်ကြီးများမှာ ကွယ်လွန် သွားကြလေကုန်ပြီ။

ကံအားလျော်စွာ ယခု မိမိကိုယ်တိုင် ဝိသုဒ္ဓိမဂ်ကို ပို့ချစဉ်မှာ ထိုသမယန္တရဆိုင်ရာ ကျမ်းစာအုပ်များ တော်တော်ပြည့်စုံစွာရသဖြင့် ဝိသုဒ္ဓိမဂ်နှင့် မဟာဋီကာကိုပို့ချရင်းပင် ခက်ဆစ်အဓိပ္ပါယ် မှတ်ချက်များနှင့်တကွ နိဿယကို ရေးသားခဲ့၏။ ထိုသို့ရေးသားထားသော နိဿယမှ သမယန္တရပိုင်းကို ထုတ်နှုတ်၍ စိတ်ပါဝင်စားသော ပါဠိပညာရှိတို့အား ကြည့်ရှုသုံးသပ်နိုင်ရန်နှင့် လိုနေသောအချက်များတွင် ဖြည့်စွက် အကြံဉာဏ်ပေးနိုင်လျှင်လည်း အကြံဉာဏ် ပေးတော်မူကြရန်အတွက် ပုံနှိပ်၍ ဖြန့်ဝေလိုက်ခြင်း ဖြစ်ပါသည်။

အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်
သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့။

၁၃၂၄-ခုနှစ်၊ တော်သလင်းလဆုတ် ၁-ရက်။

http://www.dhammadownload.com

မဟာဋီကာ သမယနိဿယရပိုင်း
ဂဏ္ဌိနိဿယ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁၈-ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသဝဏ္ဏနာ

(စာမျက်နှာ ၃၅၈-ဒုတိယစာပိုဒ်အစမှစသည်)

တေဘူမကာံ၊ ဘုံသုံးပါး၌ ဖြစ်သော။ ဓမ္မဇာတံ၊ တရားအပေါင်းကို။ အနဝသေသတော၊ အကြွင်းမဲ့အားဖြင့်။ နာမရူပန္တိ၊ နာမ်နှင့် ရုပ်ဟူ၍။ ယဒိ ဂဟိတံ၊ အကယ်၍ ယူအပ်ငြားအံ့။ ဣတော၊ ဤဗုဒ္ဓမြတ်စွာ သာသနာတော်မှ။ ဗာဟိရကေဟိ၊ အပြင်ပ၌ဖြစ်သော ပုဂ္ဂိုလ်တို့သည်။ ပဒတ္ထဘာဝေန၊ ပုဒ်၏အနက် ပရမတ္ထ သဘောဘရား၏ အဖြစ်ဖြင့် [၁]။ ယံ၊ အကြင် တတ္တြမည်သော သဘောတရားကို။ ပရိကပ္ပိတံ၊ ကြံဆအပ်၏။ ဣဒံ၊ ဤတတ္တြမည်သောသဘောတရားသည်။ သေယျထာ ကတမံ၊ ဟူမူကား။ ပကတိအာဒိ၊ ပကတိ အစရှိသော တတ္တြသဘောရင်း။ (နောက်၌ တတ္တြ-ပုဒ်ကိုပါဠိနည်းအရ တ-သံယုဘ် တလုံးကို ချေ၍ တတ္တ ဟူ၍သာ ရေးမည်၊ တ-သံယုတ် နှစ်လုံးကဲ့သို့ပင် ဖတ်ပါ) ဒြဗျာဒိ၊ ဒြဗျ အစရှိသော တတ္တသဘောရင်း။ ဇီဝါဒိ၊ ဇီဝ အစရှိသော တတ္တသဘောရင်း။ ကာယာဒိ၊ ကာယ အစရှိသော တတ္တ သဘောရင်းပေတည်း။ တတ္ထ၊ ထိုပကတိ အစရှိသော တတ္တ သဘောတို့၌။ ကထံ၊ အဘယ်သို့လျှင်။ ပဋိပဇ္ဇိတဗ္ဗံ၊ ကျင့်အပ် နှလုံးသွင်းအပ် ယူဆအပ်ပါ

၁—ဤ၌ "ပဒတ္ထ-ပုဒ်၏အနက်"ဟု သာမညဆိုသော်လည်း တတ္တသဒ္ဒေါ ပဒတ္ထဝါစီ-ဟူသော-သာချံဝါဒီတို့၏ စကားနှင့်အညီ သာသနာအပြင်ပ ပုဂ္ဂိုလ်တို့၏ အလိုအားဖြင့် တတ္တဟု ခေါ်၍ တကယ်အစစ်အမှန်ဖြစ်သော အရင်းခံ သဘောတရား-ဟု ဆိုလို၏၊ သာသနိက ဝေါဟာရအရအားဖြင့် ပရမတ္ထတရား မဟုတ်ငြားသော်လည်း သာသနာအပြင်ပ ထိုထိုဝါဒီတို့၏ အလိုအားဖြင့် ပရမတ္ထဟူ၍ပင် ဆိုလို၏။ ထို့ကြောင့် ပဒတ္ထဘာဝေန-ပုဒ်ကို "ပုဒ်၏အနက် ပရမတ္ထ သဘောတရား၏ အဖြစ်ဖြင့်"-ဟု အနက်ပြန်သည်။ ၎င်းတို့၏ ဝေါဟာရဖြစ်သော တတ္တ-ပုဒ်သည် မဖောက်မပြန် မှန်ကန်သည်၊အစစ်အမှန် ဖြစ်သည်-ဟု အနက်ရှိ၏ ။

http://www.dhammadownload.com

သနည်း။ ဣတိ၊ ဤသို့မေးမြန်းအံ့။ ဥမ္မတ္တကဝိပ္ပလာပသဒိသေ[1]၊ အရူး၏ ဖောက်လွဲ ဖောက်ပြန် ပြောဆိုသော စကားနှင့်တူသော။ အသမ္မာသမ္ဗုဒ္ဓပဝေဒိတေ၊ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားတို့ မဟောကြားအပ်သော။ ဝါ၊ သမ္မာသမ္ဗုဒ္ဓမဟုတ်သော သာမန် ပုဂ္ဂိုလ်တို့ ဟောကြားအပ်သော။ တတ္ထ၊ ထိုပကာတိ အစရှိသော တဘ္ဘသဘောဘို့၌။ အဇ္ဈုပေက္ခနတော၊ လျစ်လျူရှုခြင်းကို။ အညတြ-ဌပေတွာ၊ ကြဉ်ထား၍။ အညာ၊ တပါးသော။ ပဋိပတ္တိ၊ ပြုကျင့်ခြင်းသည်။ ဝါ၊ ပြုကျင့်ဖွယ်သည်။ ကာ၊ အဘယ်မှာ ရှိအံ့နည်း။ အထဝါ၊ ကား။ တေပိ၊ ထိုတဘ္ဘသဘောတို့ကိုလည်း။ နာမရူပန္တောဂဓ-ဘာဝါဘာဝဝသေန၊ နာမ်ရုပ်ဘို့၌ အတွင်းဝင်သည်၏အဖြစ် အတွင်းမဝင်သည်၏ အဖြစ်၏ အစွမ်းအားဖြင့်။ နိစ္ဆိတာဝေ၊ ဆုံးဖြတ်အပ်ကုန်သေးသည်သာတည်း။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ ကုန်၏။ကထံ၊ အဘယ်ကဲ့သို့ နည်းဟူမူကား။ ပကတိ၊ပကာတိရင်း။ မဟာ၊ မဟာရင်း။ အဟံကာရော၊ အဟံကာရရင်း။တမ္မတ္တာနိ၊ငါးပါးသော တမ္မတ္တာတို့ရင်း။ ဣန္ဒြိယာနိ၊ တဆယ့်တပါးသော ဣန္ဒြေတို့ရင်း။ ဘူတာနိ၊ ငါးပါးသော ဘုတ်တို့ရင်း။ ပုရိသော၊ ပုရိသဟုခေါ်သော အတ္တာရင်း။ ဣတိ၊ ဤသို့။ ဧတေ၊ ဤနှစ်ဆယ့်ငါးပါးသော တတ္တသဘောတို့သည်။ပကတိအာဒယော၊ ပကာတိ အစရှိသော တတ္တသဘောတို့ပေတည်း။တတ္ထ၊ထိုပကာတိအစရှိသော တတ္တ သဘောဘို့တွင်။သမဘာဝေန၊ ညီမျှသည်၏အဖြစ်ဖြင့်။ ပဝတ္တာ-မာနာနံ၊ဖြစ်ကုန်သော။ သတ္တ ရဇ တမသင်္ခါ-တာနံ၊သတ္တဂုဏ် ရဇဂုဏ် တမဂုဏ်ဟုဆိုအပ်ကုန်သော။သုခ ဒုက္ခ မောဟာနံ၊ တို့၏။ သမုဒါယော၊ အပေါင်းကို။ ပကတိဣတိ စ၊ ပကတိ ဟူ၍ရင်း။ ပဓာနန္တိ စ၊ပဓာနဟူ၍ရင်း။ဝုစ္စတိ၊ခေါ် ဆိုအပ်၏[2]။သတ္တမတ္တာသံဝေဒနီယော၊

၁—ဆဋ္ဌသံဂါယနာမူ၌ ဥမ္မတ္တကဝိပလ္လာသသဒိသေ-ဟု ပါဌ်ရှိ၏၊သီဟိုဠ်ပေမူတစောင်၌ ဥမ္မတ္တကဝိပ္ပလံပသဒိသေ-ဟု ရှိ၏၊ အခြား သီဟိုဠ်မူတစောင်၌ ဥမ္မတ္တကဝိပ္ပလာပသဒိသေ-ဟု ရှိ၏၊ စကား အချင်းချင်း နှိုင်းယှဉ်ပြသော အရာဖြစ်သောကြောင့် ဥမ္မတ္တက ဝိပ္ပလာပသဒိသေ-ဟူသော ထိုပါဌ်သာလျှင် မှုမှန် မူရင်း ဖြစ်သင့်သည်။

၂—ဤပကတိဝါဒသည် ကပိလရသေ့၏ ဝါဒ ဖြစ်သည်၊ ထိုရသေ့စီရင်ခဲ့သော သင်္ချပဝစနခေါ် သော ကျမ်းရင်း၌"သတ္တ ရဇ တမာနံ သာမျာဝတ္ထာပကတိ" ဟု ဆိုထားသည်၊သတ္တဂုဏ် ရဇဂုဏ် တမဂုဏ် တို့၏ ညီမျှသည်၏အဖြစ်ဟူသော အခိုက်အတန့်သည် ပကတိမည်၏-ဟုဆို၏။ သတ္တအစရှိသော ဂုဏ် ၃-ပါးတို့

http://www.dhammadownload.com

သတ္တဂုဏ်မျှဟု သိအပ်သောသဘောသည်။ ဝါ၊ သတ္တဂုဏ်မျှမှ ကြီးပွါးသော သဘောသည်။ မဟာ၊မဟာ မည်၏။ ဗုဒ္ဓိ၊အသိဉာဏ်တည်း။ဣတိ၊သို့။ကေစိ၊ တို့သည်။ (ဝဒန္တိ၊ ကုန်၏။) ¹[၃၅၉] သတ္တ ရဇာဒီသု၊ သတ္တဂုဏ် ရဇဂုဏ်

အချင်းချင်း တခုကို တခုက မလွန်ပဲ အညီအမျှဖြစ်နေခိုက်မှာ ထိုဂုဏ် ၃-ပါး အပေါင်းကို ပကတိ ခေါ်သည်-ဟု ဆိုလို၏။ ထိုဂုဏ် ၃-ပါး၏ သရုပ်ကို အဘိဓာန် ဋီကာ၌ အစဉ်အတိုင်း ရာဂ ဒေါသ မောဟ-ဟု ပြဆိုသည်။ သာချ ဝါဒဆိုင်ရာ အချို့ကျမ်း၌ "သတော သာဓုနော ဘာဝေါ သတ္တံ၊ ပကာသကံ ဉာဏံ၊ ရဇော ရာဂတ္တကံ(ရာဂလျှင် သရုပ်အထည်ကိုယ်ရှိသော) ဒုက္ခဟေတု၊ တမ္မတိ ဂိလာနိံ ပပ္ပေါတိ အနေနာတိ တမော၊ အာဝရကံ မောဟဟေတု"ဟု အသေအချာပြဆိုထားသော်လည်း ထိုကျမ်းနှင့် တကွ များစွာသော သာချ ဝါဒကျမ်းတို့၌ "သတ္တံ သုခရူပံ၊ ရဇော ဒုက္ခရူပံ၊ တမော စ မောဟရူပမတ္ထိ။ ယသ္မိံ သတိ န ကုတောစိ ဘယမုပ္ပဇ္ဇတေ န ကဿမပိ အဝတ္ထာယံ ဝိသာဒေါ သမုပဇာယတေ၊ တံ သတ္တံ။ ရာဂ ဒေါသတ္တကံ ဒုက္ခဟေတု ရဇော။ ယံ မောဟဟေတု တံ မောဟတ္တကံ တမော—ဤသို့ စသည်ဖြင့် ပြဆိုချက်များ လည်း ရှိသောကြောင့် ဤမဟာဋီကာ၌ ၎င်း ၃-ပါး၏ သရုပ်ကို သုခ ဒုက္ခ မောဟာနံ-ဟု ပြဆိုထားသည်။ ၎င်းတို့မှာ ဂုဏ်ဟုဆိုသော်လည်း ချီးမွမ်းဖွယ် ဂုဏ်ထူးမျိုးကား မဟုတ်၊ မင်း၏ မှူး မတ် အခြွေအရံများကဲ့သို့ ပုရိသ၏ အထောက်အပံ့ အပ္ပဓာန-မပြဓာန်းသော အရာများဖြစ်သောကြောင့် ဂုဏ-ဂုဏ်မည်သည် ဟူ၍၎င်း၊ ပဓာန၏ အစိတ် အပ္ပဓာန ဖြစ်သောကြောင့် ဂုဏ်မည်သည် ဟူ၍၎င်း၊ ပုရိသခေါ် အတ္တကို ဖွဲ့ချည်ရန် ကြိုးလွန်း ၃-ခုသဖွယ် ဖြစ်သောကြောင့် ဂုဏ ဂုဏ်မည်သည်ဟူ၍၎င်း ပြဆိုကြ၏။ ၎င်းဂုဏ် ၃-ပါး မညီမျှပဲ ပြောင်းလဲလာသောအခါ မဟာ အဟင်္ကာရ-စသည် ဖြစ်လာ၏၊ ၎င်းတို့သည် ဝိကတိ မည်၏၊ ညီမျှဆဲမှာ ပကတိ မည်၏။ ၎င်းပကတိမှ သက်ရှိ သက်မဲ့ တလောကလုံး ဖြစ်ပွါးသည်ဟူ၍၎င်း ထိုဖြစ်ပွါးလတ္တံ့သော အကျိုး များသည် အကြောင်း ပကတိထဲ၌ တည်လျက်ရှိသည်ဟူ၍၎င်း သာချဝါဒီ တို့က ယူဆ၏။ ဤသို့ အလုံးစုံတို့၏ တည်ရာ ဖြစ်သောကြောင့် ၎င်းကို **ပဓာန**ဟူ၍လည်း ခေါ်၏။ ထို့ပြင် ကျယ်ပြန့်သောကြောင့် **ဗြဟ္မာ** ဟူ၍၎င်း သာမန်လူတို့မသိနိုင်အောင် သိမ်မွေ့၍ မထင်ရှားသောကြောင့် **အဗျတ္တ** ဟူ၍၎င်း၊ များစွာသော အရာဝတ္ထုတို့၏ တည်ရာ ဖြစ်သောကြောင့် **ဗဟုဓာနက** ဟူ၍၎င်း တိုင်းတာကန့်သတ်တတ်သောကြောင့် **မာယာ**ဟူ၍၎င်း ခေါ်သေး သည်ဟု ထိုသာချကျမ်းတို့၌ ဆို၏။

၁—ပကတိမှ ပြောင်းလဲ ဖြစ်ပွါးလာသော အရာဝတ္ထုတို့တွင် အကြီးဆုံးဖြစ်သော ကြောင့် **မဟာ** ဟု ခေါ်သည်၊ ပကတိနှင့် ပုရိသတို့မှတပါး အဟံကာရ အစ

http://www.dhammadownload.com

အစရှိသည်တို့၌။ (သဒ္ဒါဒီသု ဟု ရှိသော သီဟိုဠ်မူ အားလျော်စွာ အနက်ပေးလျှင်၊ သဒ္ဒါဒီသု၊ သဒ္ဒ တမ္မတ္တ အစရှိသည်တို့၌။) အဘိမာနေ၁၊ ငါဟု ထင်မှတ်လျက်မာန်မူခြင်းသည်။ အဟံကာရော၊ မည်၏။ အသ္မိမတ္တာ၊ ငါဖြစ်၏ဟု ထင်မှတ်သော အသ္မိမာနမျှတည်း[၁]။ဣတိ၊သို့။ကေစိ၊တို့သည်။(ဝဒန္တိ၊ ကုန်၏။) သဒ္ဒ ဖဿ ရူပ ရသ ဂန္ဓာ၊ အသံ အတွေ့ အဆင်း အရသာ အနံ့တို့သည်။ တမ္မတ္တာနိ၊ မည်ကုန်၏[၂]။ အညမညဝိသိဋ္ဌာနံ၊ အချင်းချင်း

ရှိသော အလုံးစုံသော အရာတို့သည် ၎င်းမဟာမှပင် ဖြစ်ပွါးသည်ဟု သာချံဝါဒီတို့က ယူဆ၏။ ဗုဒ္ဓိဟူ၍ ဆိုသော ဝါဒကို ဤ၌ ကေစိဟု ဆိုသော်လည်း ယခုခေတ်သာချံဝါဒကျမ်းတို့၌ကား "အဇ္ဈဝသာယော ဗုဒ္ဓိ-ဆုံးဖြတ်ခြင်းသည် ဗုဒ္ဓိမည်၏။ (သာချံပဝစန ၂-၁၃)" ဤသို့စသည်ဖြင့် ရှိသောကြောင့် အားလုံး သဘောတူ လက်ခံထားသော သမာနဝါဒဖြစ်နေသည်ကို တွေ့ရ၏။ ၎င်းကို "သိကြောင်း ဖြစ်၍ **မတိ** ဟူ၍၎င်း၊ အရာဝတ္ထုတို့ ထင်ရှားကြောင်း ဖြစ်၍ **ချာတိ** ဟူ၍၎င်း၊ ဉာဏ် ပညာကို ရကြောင်းဖြစ်၍ **ဉာဏ**ဟူ၍၎င်း၊ ဉာဏ် ပညာကို အပြည့်အစုံ ရကြောင်း ဖြစ်၍ **ပညာ** ဟူ၍၎င်း" ဤသို့ စသည်ဖြင့်လည်း ခေါ်သေးသည်ဟု ထိုကျမ်းတို့၌ ပြဆို၏။

၁—ယခုလက်ရှိ သချံာကျမ်းတို့၌ အသ္မိတာ-ဟု ရှိ၏၊ ငါ ဖြစ်၏ဟု ထင်ခြင်း၏ အကြောင်းဟု ပြန်ဆိုအပ်၏။ ၎င်းမှာလည်း ကေစိဝါဒအဖြစ်ဖြင့် မပြဆိုကြ၊ သမာနဝါဒ အဖြစ်ဖြင့်သာ ပြဆိုထားသည်ကို တွေ့ရ၏။

၂—တံ၊ထိုအသံ စသည်။ဝါ၊ထိုအသံ စသည်တို့၏+ မတ္တာ၊အတိုင်းအရှည်=တမ္မတ္တ၊ ထိုအတိုင်းအရှည်မျှ၊ ထိုအသံ စသည်တို့၏ အတိုင်းအရှည်မျှရှိသော သဘော များ-ဟု ဆိုလို၏။ ထိုကြောင့် ဗိသဏုပုရာဏ်ကျမ်း၌—

တသ္မိံ တ သ္မိံန္တု တမ္မတ္တာ၊ တေန တမ္မတ္တတာ မတာ။
န သန္တာ နာပိ ဃောရာ တေ၊ န မူဠ္ဟာ စာဝိသေသိနော-ဟု ဆို၏။

တသ္မိံ တသ္မိံ၊ ထိုထို အသံ စသည်၌။ တမ္မတ္တာ၊ ထိုအသံ စသော အတိုင်း အရှည်မျှသည်။ဝါ၊ ထိုအသံစသည်တို့၏ အတိုင်းအရှည်မျှသည်။ (အတ္ထိ၊၏။) တေန၊ ထိုကြောင့်။ (တေသံ၊ ထိုအသံစသည်တို့၏။) တမ္မတ္တတာ၊ တမ္မတ္တ မည်သည်၏အဖြစ်ကို။ မတာ၊ သိအပ်၏။ တေ၊ ထိုတမ္မတ္တတို့သည်။ န သန္တာ၊ နှစ်သက်ဖွယ် ငြိမ်းအေး ချမ်းသာသည်လည်း မဟုတ်ကုန်။ န ဃောရာ၊ ကြောက်ဖွယ်ဆင်းရဲသည်လည်း မဟုတ်ကုန်။န မူဠ္ဟာစ၊ ထိုင်းမှိုင်းတွေဝေသည် လည်း မဟုတ်ကုန်။ အဝိသေသိနော၊ မထူးမခြား တမျိုးတစားတည်း ဖြစ် ကုန်၏။

http://www.dhammadownload.com

ထူးကုန်သော။ပထဝီအာဒီနံ၊ ပထဝီအစရှိသော ဓာတ်တို့၏[၁]။ ဧကုတ္တရတာ ဒဿနတော၊တခုလွန်ကဲသည်၏ အဖြစ်ကို တွေ့ရသောကြောင့်။ဘမ္မတ္တာနံ၊

ထိုဂါထာ၏အဖွင့်၌....တေသု တေသု ဘူတေသု တမ္မတ္တာ တိဋ္ဌန္တိ ဣတိ ကတွာ ဓမ္မဓမ္မီအဘေဒတော (ဂုဏ်နှင့် ဂုဏေး မကွဲပြားသောကြောင့်) ဒဗ္ဗာနမ္ပိ တမ္မတ္တတာ မတာ၊ တေ စ ပဒတ္ထာ တမ္မတ္တရူပါ သန္တဃောရမူဠှာ ချေဟိ ထူလဂတသဒ္ဒါဒိဝိသေသေဟိ သုညာ ဧကရူပဝန္တတော။ တထာ စ သန္တာဒိဝိသေသသုညသဒ္ဒါဒိမန္တာနမေဝ ဘူတာနံ သဒ္ဒါဒိတမ္မတ္တတာ ဣတိ အဓိပ္ပါယော။တတောဧဝ အဝိသေသိနော အဝိသေသသညကာ ဣစ္စေတဿ အတ္ထော-ဟု ပြဆို၏။

ဤ တမ္မတ္တတို့မှာ အသံ စသည်ဟု ဆိုသော်လည်း ပကတိ လူသာမန်တို့ ကြားနိုင် သိနိုင်ကောင်းသည်မဟုတ်။ပတဉ္ဇလိ၏ ယောဂနည်းဖြင့် အားထုတ်သော ယောဂီတို့နှင့် နတ်တို့သာ သိနိုင်သည်ဟူ၍ရင်း ပကတိ လူတို့ကြားနိုင် သိနိုင်သော အသံကြမ်း စသည် ဖြစ်ရန်အတွက် အကြောင်းမျိုးစေ့ သဘော မျိုး ဖြစ်၍ အလွန်သိမ်မွေ့သော အသံစသည်တို့ ဖြစ်သည်ဟူ၍ရင်း၊ သဒ္ဒ တမ္မတ္တဟူသည်မှာ အသံဂုဏ်ထူးကိုဖြစ်စေနိုင်သော သိမ်မွေ့သော အာကာသ ဓာတ်ဖြစ်သည်၊ဤသို့ စသည်ဖြင့်ရင်း သာင်္ချဝါဒီတို့က ဆိုကြ၏။ထို့ကြောင့်—

> သဒ္ဒတမ္မတ္တတော အာကာသံ သဒ္ဒဂုဏံ၊ သဒ္ဒတမ္မတ္တသဟိတာ ဖဿ တမ္မတ္တတော ဝါယု သဒ္ဒဖဿဂုဏော=သဒ္ဒတမ္မတ္တမှ အသံဂုဏ်ထူးရှိသော အာကာသဓာတ် ဖြစ်သည်၊ သဒ္ဒတမ္မတ္တနှင့် တကွ ဖြစ်သော ဖဿတမ္မတ္တ မှ အသံနှင့် အတွေ့ ဂုဏ်ထူး ၂—ပါးရှိသော ဝါယောဓာတ် ဖြစ်သည်- ဤသို့ စသည်ဖြင့် ဆိုသော သာင်္ချကာရိကာ၏ အဖွင့် သာင်္ချတတွကော မုဒီကို သာရဗောဓိနီ၌ အောက်ပါအတိုင်း ဖွင့်ပြ၏။

သဒ္ဒတမ္မတ္တတော= သဒ္ဒဂုဏကတော သုခုမာကာသတော သဒ္ဒဂုဏကံ ထူလ မာကာသံ ဇာယတေ၊ သဒ္ဒတမ္မတ္တသဟိတာ ဖဿတမ္မတ္တတော= သဒ္ဒဖဿဂုဏကာ သုခုမဝါယုတော သဒ္ဒဖဿဂုဏကော ထူလော ဝါယု ဇာယတေ ဣတျာဒိ အတ္ထော ဉေယျော။ ဤသို့ ဖွင့်ပြထားသောကြောင့် သဒ္ဒတမ္မတ္တဟူသည်မှာ အသံ ဖြစ်စေနိုင်သည့် ဂုဏ်ထူးရှိသော သိမ်မွေ့သော (အီသာခေါ်)အာကာသဓာတ် ဟူ၍ရင်း၊ ဖဿတမ္မတ္တဟူသည်မှာ အတွေ့ကို ဖြစ်စေနိုင်သည့် ဂုဏ်ထူးရှိသော သိမ်မွေ့သော ဝါယောဓာတ် ဟူ၍ရင်း ဤသို့ စသည်ဖြင့် သိအပ်၏။

၁—ဤအရာ၌ သာင်္ချဝါဒမူလ ကျမ်းရင်းတို့၏ အလိုအားဖြင့် ပြဆိုခဲ့သော သဒ္ဒ တမ္မတ္တစသည်တို့နှင့် အစဉ်အတိုင်း စပ်ဟပ်၍ အာကာသ ဝါယု တေဇ

တို့သည်။ကေတ္တရာနိ၊ တခု လွန်ကဲကုန်၏[၁]။ ဣတိ၊ထို့ကြောင့်။ ဝိဇ္ဇာဝါသိကေ လက္ခဏေဟိ၊ ထွင်းအပ်သော ပဲခွပ်ကဲ့သို့ တမျိုးတစားတည်းသော လက္ခဏာ ရှိကုန်သော။ (ပါဌ်၌ရှိသည့်အတိုင်း ပြန်အပ်သော အနက်ဖြစ်သည်၊ ပဲခွပ် ထွင်းရန် သံတုံးမှာ မထွင်းရသေးမီက ကောင်းဆိုး ကြီးငယ် စသည်ဖြင့် ပဲခွပ်ပုံ အထူးအပြား မရှိသေးပဲ တမျိုးတစားတည်း ရှိနေသကဲ့သို့ တမ္ဗတ္တ တို့၌ သန္တ ဃောရ မူဠှအားဖြင့် အထူးအပြားမရှိသေးပဲ တမျိုးတစားတည်း လက္ခဏာရှိသည်ကိုဆိုသည်ဟု ယူအပ်၏။အဝိသေသ ကေလက္ခဏေဟိ-ဟူ၍ သော်လည်း ပါဌ်ရှိသင့်၏၊ "သန္တဃောရ မူဠှအားဖြင့် အထူးအပြားမရှိပဲ

အာပ ပထဝီ-ဟု ယူရန် "အာကာသာဒီနံ"ဟု ဆိုသင့်သော်လည်း အချို့ သော နောက်ရေး သာင်္ချကျမ်းတို့၌ ပထဝီမှ စ၍ ပြဆိုချက်များလည်း ရှိသောကြောင့် သာသနိက ဒေသနာအစဉ်နှင့်လည်း ညီစေရန် ပထဝီမှ စ၍ အထက်ပါအတိုင်း ဆိုထားသည်-ဟု ယူသင့်၏။

၁—ဧကုတ္တရ ဖြစ်ပုံကား အာကာသ၌ သဒ္ဒ လွန်ကဲ၏၊ ထိုအတူ ဝါယော တေဇော အာပေါ ပထဝီတို့၌ အစဉ်အတိုင်း ဖောဋ္ဌဗ္ဗ ရူပ ရသ ဂန္ဓတို့ လွန်ကဲကုန်၏-ဟု သာင်္ချကျမ်းဆရာတို့သည်ရင်း ဝိသေသိကဒဿနကျမ်းဆရာတို့သည်ရင်း ဆို ကုန်၏၊ ဝိသေသိက ကျမ်းတို့၌ ပထဝီ အာပေါ တေဇော ဝါယော အာကာသ-ဟု ဤသို့ ပထဝီမှ စ၍ ပြသော အစဉ်မျှသာ ထူးသည်။ ဤဋီကာ၌လည်း ပထဝီ အာဒီနံ-ဟု ပထဝီမှ စ၍ပြသောကြောင့် ထိုဝိသေသိကဆရာတို့၏ဝါဒကို ထုတ်ပြလေသလောဟူ၍လည်းယူဆဖွယ်ရှိ၏။ထိုသို့ဖြစ်ပါမူ ဝိဇ္ဇာဝါသိ-ဟူသော ပါဌ်အရာ၌ ဝိသေသိက ဝါဒိနော-ဟု ပြင်၍"တမ္ဗတ္တာနိ၊ တို့သည်။ကေတ္တရာနိ၊ ကုန်၏။ ဣတိ၊ သို့။ ဝိသေသိက ဝါဒိနော၊ ဝိသေသိကဝါဒီတို့သည်။ ဝဒန္တိ၊ ကုန်၏"ဟု ဤသို့ အနက်ပြန်သင့်၏။ ဤသာင်္ချဝါဒီတို့ အယူအားဖြင့် တမ္ဗတ္တ တို့၌ တခုလွန်ပုံကို အောက်ပါ ယောဂဘာသကျမ်းနှင့် သာရဗောဓိနီကျမ်း တို့ဖြင့် သိအပ်၏။

"ဧကေ ဒွိ တိ စတု ပဉ္စ လက္ခဏာ သဒ္ဒါဒယော" ဣတိယောဂဘာသေန သုခုမာကာသရူပ သဒ္ဒတမ္ဗတ္တံ (သိမ်မွေ့သော အာကာသလျှင် အထည်ကိုယ် ရှိသော သဒ္ဒတမ္ဗတ္တသည်) သဒ္ဒမတ္တဓမ္မကံ (အသံမျှ သဘောလက္ခဏာရှိ၏။) သုခုမဝါယုသင်္ခါတဖဿတမ္ဗတ္တံ စ သဒ္ဒဖဿဓမ္မကံ၊ သုခုမတေဇောဘိဓေယျ-ရူပတမ္ဗတ္တံ စ သဒ္ဒဖဿရူပဓမ္မကံ၊ သုခုမဇလရူပရသတမ္ဗတ္တံ စ သဒ္ဒဖဿရူပ-ရသဓမ္မကံ၊ သုခုမပထဝီသင်္ခါတဂန္ဓတမ္ဗတ္တံ စ သဒ္ဒ ဖဿ ရူပ ရသ ဂန္ဓဓမ္မကံ (အသံ အတွေ့ အဆင်း အရသာ အနံ့သဘောလက္ခဏာရှိ၏။) ဣတိ ဗောဓနတော။

http://www.dhammadownload.com

တမျိုးတစားဘည်း လက္ခဏာရှိကုန်သော”ဟု အနက်ပြန်။) တမ္မတ္တောဟိ၊ ငါးပါးသော တမ္မတ္တာတို့မှ။ကေလက္ခဏာ၊ တမ္မတ္တာတို့နှင့် တူသော လက္ခဏာ ရှိကုန်သော။(ဤဋ္ဌလည်း “အနေကလက္ခဏာ၊သန္တဃောရ စသည်အားဖြင့် များသောလက္ခဏာရှိကုန်သော”ဟူ၍သော်ငြား၊“ထူလလက္ခဏာ၊ကြမ်းတမ်းသောလက္ခဏာ ရှိကုန်သော”ဟူ၍သော်ငြား ပါဌ်ရှိသင့်၏။) ဝိသေသာ၊ ငါးပါးသော ဘုတ်အထူးတို့ကို။သဇ္ဇီယန္တိ၊စီရင်အပ်ကုန်၏။(သိမူဋ္ဌ သဉ္ဇီယန္တိ-ရှိ၏) တနည်းကား၊ ဝိသေသာ၊ ငါးပါးသော ဘုတ်အထူးတို့သည်။ သဇ္ဇီယန္တိ၊ ဖြစ်ပွါးကုန်၏[၁]။ ပန၊ ထိုမှတပါး။ နေသံ၊ ထိုဓာတ်ဘို့၏။(အညေသံ-ဟု ရှိသင့်၏။အညေသံ၊လွန်ကဲသည်မှ တပါးသော ဓာတ်တို့၏။) သုခုမဘာဝေန၊ သိမ်မွေ့သည်၏ အဖြစ်ဖြင့်။ သမ္ဘဝေသနတော၊ ပါဝင်ခြင်းကြောင့်။ ကေုတ္တာ-ရတာ၊ တခုလွန်ကဲသည်၏ အဖြစ်သည်။ (ဟောတိ၊ ၏။) ဣတိ၊ သို့။ ကေစိ၊ တို့သည်။ (ဝဒန္တိ၊ ကုန်၏။)[၂] သဝနာဒိဝုတ္တိကာနိ၊ ကြားခြင်း စသည်ကို ဖြစ်စေတတ်ကုန်သော။ သောတာဒီနိ၊ သောတ အစရှိကုန်သော[၃]။

ဆိုလိုသည်မှာ သိမ်မွေ့သော အာကာသဟူသော သဒ္ဒတမ္မတ္တမှာ အသံမျှသာရှိသည်၊သိမ်မွေ့သော ဝါယောဓာတ် ဟူသော ဖဿတမ္မတ္တမှာ အသံနှင့် အတွေ့နှစ်ပါးရှိသည်၊ သိမ်မွေ့သော တေဇောဓာတ် ဟူသော ရူပတမ္မတ္တမှာ အသံ အတွေ့နှင့် အဆင်း သုံးပါးရှိသည်၊ သိမ်မွေ့သော အာပေါဓာတ်ဟူသော ရသတမ္မတ္တမှာ အသံ အတွေ့ အဆင်းနှင့် အရသာ လေးပါးရှိသည်၊ သိမ်မွေ့သောပထဝီဓာတ်ဟူသော ဂန္ဓတမ္မတ္တမှာ တမ္မတ္တငါးပါးလုံးရှိသည်၊ ဤသို့ ဂုဏ်တခုတခု လွန်သည်-ဟု-ဆိုလို၏။

၁—သက်ရှိ သက်မဲ့ အတွင်းအပ လောကကြီးတခုလုံးကို ပကတိမှ ဖြစ်ပွါးသည်ဟူ၍သာ သာချ်ဝါဒီတို့က ယူကြသည်၊တစုံတယောက်က စီရင်သည်၊ ဖန်ဆင်းသည်ဟူ၍ကား မယူကြ၊ ထိုကြောင့် စီရင်သည်ဟု ဆိုသော်လည်းဖြစ်ပွါးသည်ကိုသာ ဆိုလိုပေသည်။ သို့ဖြစ်၍ အဓိပ္ပါယတ္ထအားဖြင့် “ဖြစ်ပွါးကုန်၏”ဟု ထပ်မံ၍ ပြန်ဆိုသည်။

၂—ဤဋ္ဌလည်း ကေစိ-ဟု ဆိုထားသည်မှာ ဋီကာဆရာတို့၏ ခေတ်က ဝါဒကွဲ ဖြစ်ဟန်ရှိ၏၊ ယခုခေတ်၌ကား ထိုဝါဒမျိုး မထင်ရှားပေ။

၃—ရှေး၌ပြခဲ့သောသဒ္ဒ ဖဿ ရူပ ရသ ဂန္ဓဟူသော တမ္မတ္တတို့၏ အစဉ်နှင့် အညီ သောတ တစ စက္ခု ရသနာ ဃာန-တို့ဟူ၍ ဆိုလို၏။ သာသနိက ဝေါဟာရ အားဖြင့် ကာယနှင့် ဇိဝှါတို့ကို သာချ်ဝါဒီစသော လောကီကျမ်းဆရာတို့က တစနှင့် ရသနာ-ဟု ခေါ်သည်။

http://www.dhammadownload.com

ပဉ္စ၊ ငါးပါးသော တတွတို့သည်။ ဗုဒ္ဓိန္ဒြိယာနိ၊ ဗုဒ္ဓိန္ဒြေတို့တည်း[၁]။ ဝစနာဒါန ဝိစရဏာဿဂ္ဂါနန္ဒကိစ္စာနိ၊ ပြောဆိုခြင်း ကိုင်ခြင်း သွားခြင်း ကျင်ကြီးစွန့်ခြင်း နှစ်သက်ခြင်း (တနည်း၊ နှစ်သက်ခြင်းလျှင် အကြောင်းရှိသော ပေါက်ဖွားခြင်း) ကိစ္စရှိကုန်သော[၂]။ ဝါစာဒီနိ၊ ဝါစာ အစရှိကုန်သော[၃]။ ပဉ္စ၊ ငါးပါးသော တတွဘို့သည်။ ကမ္မိန္ဒြိယာနိ၊ ကမ္မဣန္ဒြေတို့တည်း[၄]။ မနော၊မနသည်။ အန္တောကရဏံ၊ အတွင်းကရိယာတည်း။ (ဥဘယတ္တကံ မနော-ဟူသော သာင်္ချပဝစနသုတ် (၂-၂၆) နှင့်အညီ "မနော ဥဘယိန္ဒြိယံ၊ တံ အန္တော-ကရဏံ"ဟုရှိသင့်၏။ မနော၊ သည်။ ဥဘယိန္ဒြိယံ၊ ကမ္မိန္ဒြေ ဗုဒ္ဓိန္ဒြေ နှစ်ပါး လုံး မည်၏။ တံ၊ ထိုမနသည်။ အန္တောကရဏံ၊ အတွင်းကရိယာတည်း-ဟု အနက်ပေး။)ဣတိ၊ဤသို့ တပါးသော ဣန္ဒြေဆယ်ပါးသည်။ ဗာဟိရကရဏံ၊

၁—ဗုဒ္ဓိ-အသိ+ဣန္ဒြိယ-ပုရိသ ခေါ်သော ပိုင်ရှင်အတ္တ၏ လက်နက်ကိရိယာအသုံး အဆောင်။ဝါ၊ အတ္တကို မှန်းဆ၍ သိကြောင်း။ ဗုဒ္ဓိန္ဒြိယ-ဗုဒ္ဓိန္ဒြေ-သိကြောင်း ကိရိယာတန်ဆာပလာ ဖြစ်သော ဣန္ဒြေ-ဟု ဆိုလို၏။

၂—ဤပုဒ်၌ ဝိစရဏ အရာတွင် သာင်္ချကာရိကာ၌ ဝိဟရဏ-ဟူ၍ပင် ရှိ၏၊ ၎င်းကို အနက်ပြန်သောအခါ ၌လည်း ဂမန-သွားခြင်းဟူ၍ပင် ပြန်ကြ၏။ထို့ကြောင့် ဝိဟရဏ-ဟူသော ပါဌ်သည် မူလရေးရင်းပါဌ် ဖြစ်ရာ၏။ အာနန္ဒ-ပုဒ်ကို သာရဗောဓိနီ၌ "မုတ္တာစာဂေါ ရမဏံ စ ဥပတ္ထဿ ဝုတ္တိတိ ဒွေ ယံ၊-ဟု ဖွင့်၏။ ကျင်ငယ်စွန့်ခြင်းနှင့် မေထုန်ဖြင့် ပျော်မွေ့ခြင်း-ဟု ဆိုလိုသည်။ ထိုကျမ်း စာအုပ်တွင် အောက်ခြေမှတ်ချက်၌"ယဒျပိ အာနန္ဒော ဗုဒ္ဓိဂတဘာဝတော ဥပတ္ထဗျာပါရော န ဘဝိတုမရဟတိ၊ တထာပိ အာနန္ဒပဒေန အာနန္ဒဟေတုထိ ပုလ္လိင်္ဂ ဖဿဝိသေသောဧဝ ဝုတ္တာဝုတ္တိဖလမိတိဒွေ ယံ၊"ဟု ပြထား၏။ ဤ အရာ၌ ဆိုထားသော ဝုတ္တိ-ပုဒ်သည် ကိစ္စ-ပုဒ်နှင့် အနက်တူ၏၊ထို့ကြောင့်ပင် ဤဋီကာတွင် ဗုဒ္ဓိန္ဒြေအရာ၌ ဝုတ္တိ-ဟု ဆိုခဲ့ပြီးလျှင် ဤကမ္မိန္ဒြေ အရာ၌ ကိစ္စ-ဟု ဆိုထားပေသည်။

၃—ဝါစာ-လည်ချောင်း အာစောက်စသော ဌာန် ဟူသော နှုတ်၊ ပါဏိ-လက်၊ ပါဒ-ခြေ၊ ပါယု-ဝစ္စမဂ်၊ ဥပတ္ထ-ပဿာဝမဂ်- ဤငါးပါးတို့ကို ဆိုသည်။

၄—ကမ္မိန္ဒြေ-အလုပ် လုပ်ကြောင်း ကြိယာတန်ဆာပလာ ဖြစ်သော ဣန္ဒြေ-ဟု ဆိုလို၏။

http://www.dhammadownload.com

အပြင်ကရိုဏ်းတည်း။ ဂန္ဓာဒီဟိ၊ ဂန္ဓအစရှိသော တမ္မတ္တာတို့သည်[၁]။ အာရဒ္ဓါနိ၊ အားထုတ်အပ် ဖြစ်စေအပ်ကုန်သော။ တနည်း။ ဂန္ဓာဒီဟိ၊ ဂန္ဓ အစရှိသော တမ္မတ္တာတို့မှ။ အာရဒ္ဓါနိ၊ ဖြစ်ပွါးကုန်သော[၂]။ ပထဝီဥဒကအဂ္ဂိဝါယုအာကာသာနိ၊ မြေ ရေ မီး လေ အာကာသတို့သည်[၃]။ ဘူတာနိ၊ ဘုတ်တို့ မည်ကုန်၏။ ပုရိသော၊ ပုရိသဟု ခေါ်သော အတ္တသည်။ စေတနာသဘာဝေါ၊ စေတနာ သဘောရှိ၏။ ဥတိ စေ၊ ဤသို့။ ပကာဘိအာဒီနိ၊ပကာဘိအစရှိသော တတ္တတို့ကို။ သရူပတော၊ သရုပ်အားဖြင့်။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏[၄]။

၁-၃—မူလသာင်္ချဝါဒကျမ်းတို့နှင့်အညီ ရှေး၌ သဒ္ဒ ဖဿ ရူပ ရသ ဂန္ဓာ-ဟု ပြခဲ့၏၊ ထိုပုဒ်နှင့်အညီ ဤအရာ၌လည်း "သဒ္ဒါဒီဟိ အာရဒ္ဓါ အာကာသဝါယုအဂ္ဂိဥဒကပထဝိယော"ဟု ဆိုသင့်သော်လည်း အချို့သော သာင်္ချဝါဒကျမ်းတို့၌ ဂန္ဓမှ စ၍ရင်း ပထဝီမှ စ၍ရင်း ဆိုထားသော အစဉ်လည်း ရှိသောကြောင့် ပထဝီမှစ၍ဆိုသော သာသနိကဝေါဟာရအစဉ်နှင့်လည်း ညီညွတ်စေရန် ဤအရာ၌ ဂန္ဓာဒီဟိ-ဟူ၍ရင်း ပထဝီဥဒကအဂ္ဂိဝါယုအာကာသာနိ-ဟူ၍ရင်း ဆိုသည်ဖြစ်ရာ၏။

၂—အာရဒ္ဓ-အာရမ္ဘ-ပုဒ်တို့၏အနက်ကို သာင်္ချဝါဒကျမ်းတို့၌ ဖြစ်ပွါးသည်-ဖြစ်ပွါးခြင်း-ဟု ပြန်ကြ၏။ ထိုပြန်ဆိုချက် အားလျော်စွာ ဤ၌လည်း ဖြစ်စေအပ်သည်၊ ဖြစ်ပွါးသည်ဟု ပြန်သည်၊ သင့်လည်း သင့်၏။

၄—ဤအရာ၌သာင်္ချဝါဒကို အနည်းငယ်ခဲ့၍ပြဦးအံ့....သတ္တ ရဇ တမာနံ သာမျာဝတ္ထာ ပကတိ၊ ပကတိတော မဟာ၊ မဟတော အဟံကာရော၊ အဟံကာရတော ပဉ္စ တမ္မတ္တာနိ ဥဘယမိန္ဒြိယံ၊ တမ္မတ္တေဟိ ထူလဘူတာနိ၊ ပုရိသော ဣတိ ပဉ္စဝီသတိဂဏော-ဟူသော သာင်္ချပဝစနသုတ် (၁-၆၁)နှင့် အညီ သတ္တဂုဏ် ရဇဂုဏ် တမဂုဏ်တို့၏ ညီမျှသော အခိုက်အတန့်သည် ပကတိမည်၏၊ ပုရိသနှင့် ပေါင်းစပ်မိသော ထိုပကတိမှ မဟာမည်သော ဗုဒ္ဓိသည်ဖြစ်ပေါ်၏၊ ထိုမဟာမှ အဟံကာရဖြစ်ပေါ်၏၊ ထိုအဟံကာရမှ ငါးပါးသောတမ္မတ္တာတို့နှင့် ဣန္ဒြေနှစ်မျိုးတို့ဖြစ်ပေါ်ကုန်၏၊ တမ္မတ္တာတို့မှ ကြမ်းတမ်းသော ဘူတရုပ် ငါးပါးတို့ ဖြစ်ပေါ်ကုန်၏၊ ပုရိသဟုခေါ်သော အတ္တနှင့်တကွ ဤနှစ်ဆယ့်ငါးပါးသည် သာင်္ချဝါဒီတို့၏ တတ္တဟုခေါ်သော သဘောတရားအပေါင်းဖြစ်သည်။ ထိုတွင် ဣန္ဒြေနှစ်မျိုးတို့ဟူသည်မှာ ဋီကာ၌ ပြခဲ့ပြီးသော ဗုဒ္ဓိန္ဒြေ ငါးပါး ကမ္မိန္ဒြေငါးပါးနှင့် ဥဘယိန္ဒြေဟု ခေါ်သော မနတို့ပင် ဖြစ်သည်။

ထိုနှစ်ဆယ့်ငါးပါးတို့တွင် ပကတိနှင့် ၎င်းမှ ဖြစ်ပွါးသော တတ္တနှစ်ဆယ့်သုံးပါးတို့မှာ စိတ်စေတနာ မရှိသော ရုပ်တရားဟူ၍ရင်းပုရိသသည်သာလျှင်စိတ်

http://www.dhammadownload.com

ဟိ၊ ဆက်၍ ဆိုဦးအံ့။ တတ္ထ၊ ထိုပကတိ အစရှိသည်တို့တွင်။ တာဝ၊ စွာ။ ပကတိ၊ သည်။ သုခဒုက္ခမောဟမတ္တတာယ၊ သုခ ဒုက္ခ မောဟမျှ၏ အဖြစ်ကြောင့်။ နာမံနာမ်တည်း။သမ ဝိသမ ဘာဝါပတ္တိတော၊ ညီမျှသည်၏ အဖြစ် မညီမျှသည်၏ အဖြစ်သို့ ရောက်ခြင်းကြောင့်။ အနိစ္စာ စ၊ မမြဲသော

စေတနာသဘောရှိသည်ဟူ၍ရင်း ဆိုကြ၏။ ထိုတွင်လည်း ပုရိသနှင့် ပကတိတို့မှာ အစမရှိ၊ အဆုံးမရှိ၊ အကြောင်းမရှိ၊ ပျက်စီးခြင်းမရှိပဲ အစဉ်ထာဝရ တည်မြဲနေကြသည်ဟူ၍ရင်း၊ ပုရိသမှာပေါက်ပွါးစေခြင်း သဘောမရှိ၊ပကတိသည်သာလျှင် ပုရိသနှင့်ပေါင်းစပ်မိသောအခါ လှုပ်ရှား၍ မဟာ အဟံကာရ စသည်တို့ကို ဖြစ်ပွါးစေလျက် သက်ရှိသက်မဲ့ အတွင်းအပ အရာဝတ္ထုဟူသမျှတို့ကို ဖြစ်ပေါ်စေသည် ဟူ၍ရင်း ဆိုကြ၏၊

ထိုပြင် ပကတိသည် တစုံတခုကြောင့်မျှ ဖြစ်ပေါ်လာသော ဝိကတိ မဟုတ်သောကြောင့် ပကတိသာလျှင် မည်၏၊ မဟာ အဟံကာရနှင့် တမ္မတ္တတို့သည် ပကတိစသောအကြောင်းမှဖြစ်ပွါးခဲ့သောကြောင့် ဝိကတိလည်း မည်၏၊အဟံကာရ ဣန္ဒြေ တမ္မတ္တ ဘူတရုပ်တို့ကိုဖြစ်စေတတ်သောကြောင့် မူလအကြောင်း ပကတိလည်းမည်၏၊ ဣန္ဒြေတဆယ့်တပါးနှင့် အာကာသစသော ဘူတရုပ်ငါးပါးတို့သည် အဟံကာရတမ္မတ္တတို့မှဖြစ်ပေါ်လာသောကြောင့်ရင်း မိမိတို့က တခြားအရာကို မဖြစ်ပွါးစေတတ်သောကြောင့်ရင်း အကျိုးဝိကတိသာမည်ကုန်၏၊ ပုရိသသည်ကား တစုံတခုသော အကြောင်းကြောင့်လည်း မဖြစ်၊ မိမိကလည်း တစုံတခုကိုမျှ မဖြစ်စေတတ်သောကြောင့် အကြောင်းပကတိလည်းမဟုတ်၊ အကျိုးဝိကတိလည်း မဟုတ် ဟုဆိုကုန်၏။

သတ္တဝါ၏ ကိုယ်ထဲ၌ ထူလသရီရခေါ် ကြမ်းသောကိုယ်တခု၊သုခုမသရီရခေါ် သိမ်မွေ့သော ကိုယ်တခု အားဖြင့် ကိုယ်နှစ်မျိုး ရှိသည်ဟူ၍ရင်း၊ ကြမ်းသော ကိုယ်မှာ မိဘတို့၏အသား အသွေးနှင့်ကြမ်းသော ဘူတရုပ်တို့ဖြင့်ပြီး၍ သေသောအခါ ပျက်စီးသွားသည်ဟူ၍ရင်း၊ သိမ်မွေ့သော ကိုယ်မှာ မဟာ အဟံကာရ ဣန္ဒြေတဆယ့်တပါး တမ္မတ္တငါးပါးတို့ဖြင့် ပြီး၍ လိင်္ဂသရီရ ခေါ်သည်၊ ၎င်းသည်ကား သေသောအခါ၌ ခန္ဓာကိုယ်ကြမ်းထဲမှ ထွက်သွား၍ တခြား ခန္ဓာကိုယ်၌ တည်သည်၊ ပျက်စီးခြင်းမရှိဟူ၍ရင်း ဆို၏၊ အောက်ပါမှာ သာင်္ချကာရိကာကျမ်းမှ ဂါထာတို့ ဖြစ်သည်။

သုခုမာ မာတာပိတုဇာ၊ ပဘူတေဟိ တိဓာ ဝိသေသာ သိယုံ။
သုခုမာ တေသံ နိယတာ၊ မာတာပိတုဇာ နိဝတ္တန္တေ။ (သံ-ကာ ၃၉)

သုခုမာ၊ သိမ်မွေ့သော ကိုယ်တို့သည်ရင်း။ မာတာပိတုဇာ၊ မိဘတို့မှဖြစ်သော ကိုယ်တို့သည်ရင်း။ (အမွေး သွေး အသားတို့မှာ အမိမှ ဖြစ်ကြသည်၊

http://www.dhammadownload.com

တရားသည်ရင်း။ဒုက္ခာ စ၊ဆင်းရဲသောတရားသည်ရင်း။သခ်တာ စ၊ပြုပြင်အပ်သော သခ်ာဘတရားသည်ရင်း။ အာပန္နာ၊ ဖြစ်၏။ မဟာပိ၊ မဟာမည်သော တတ္တသည်လည်း။ တသ္မာ အလိင်္ဂတော၊ ထိုသိကြောင်း မဟုတ်သော ပကတိမှ။ ဝါ၊ မသိအပ်သော ပကတိမှ။ လိင်္ဂဝိသေသမတ္တော၊ သိကြောင်း အထူးမျှ

အကြော အရိုး ချဉ်ဆီတို့မှာ အဘမှ ဖြစ်ကြသည်-ဟု ထို၏ အဖွင့်သာရကော မုဒိဋ္ဌ ဆို၏။) ပဘူတေဟိသဟ၊ မဟာဘုတ် ရုပ်ကြမ်းတို့နှင့် တကွ။ တိခေ၊ သုံးပါး အပြားအားဖြင့်။ ဝိသေသာ၊ ထူးခြားသော ကိုယ်တို့သည်။ သိယုံ၊ ဖြစ်ကုန်၏။ (ဤဒုတိယပါဒ၌ ပဘူတဲး-ဟူသောသက္ကတမှ ပဘူတေဟိ-ဟု ပါဠိပြန်ရသောကြောင့်ရင်း၊ သျူး-မှသိယုံ-ဟု ပြန်ရသောကြောင့်ရင်း၊အက္ခရာ ၂-လုံး ပိုနေသည်)တေသံ၊ ထိုကိုယ်တို့တွင်။ သုခုမာ၊ သိမ်မွေ့သော ကိုယ်တို့သည်။ နိယတာ၊ ပျက်စီးခြင်း မရှိဘဲ ကပ္ပပျက်သည်တိုင်အောင် ခိုင်မြဲကုန်၏။ (ကပ္ပါ ပျက်မှ ပျက်သည်-ဟု ဆိုလို၏) မာတာပိတုဇာ၊ မိဘမှဖြစ်သော ကိုယ်တို့သည်။ နိဝတ္တန္တေ၊ တခုတခုသောဘဝ၌ သေသော အခါတွင် ဆုတ်နစ်(ကျန်ရစ်လျက်)ပျက်စီးကုန်၏။

> ပုဗ္ဗုပ္ပန္နမသတ္တံ၊ နိယတံ မဟာဒါဒိ-သုခုမပရိယန္တံ။
> သံသရတိ နိရုပဘောဂံ၊ ဘာဝေဟျဓိဝါသိတံ လိင်္ဂံ။ (သံ-ကာ-၄၀)

ပုဗ္ဗုပ္ပန္နံ၊(ပုရိသ-ဟု ခေါ်သော အတ္တ တခုစီအတွက် ပကတိက ကိုယ်တခုစီ ဖြစ်စေခဲ့သော)ရှေးကပ္ပဦး ကာလကပင် ဖြစ်ပေါ်ခဲ့သော။ မဟာဒါဒိ-သုခုမပရိယန္တံ၊ မဟာအစ သိမ်မွေ့သော တမ္မတ္တလျှင် အဆုံးရှိသော။ (မဟာ၊ အဟံကာရ၊ ဣန္ဒြေ၁၁-ပါး၊ တမ္မတ္တငါးပါး၊ ဤ ၁၈-ပါးသော အင်္ဂါတို့ ပါဝင်သောကိုယ်-ဟု ဆိုလို၏။)လိင်္ဂံ၊ လိင်္ဂသရီရ ခေါ်သော သိမ်မွေ့သော ကိုယ်သည်။ အသတ္တံ၊ (ခန္ဓာအိမ်သစ်သို့သွားသောအခါ ကျောက်တောင်ကိုသော်လည်း ဖောက်ထွင်းသွားနိုင်သောကြောင့် မည်သည့်အရပ်၌မျှ)အငြိအတွယ် အပိတ်အပင်မရှိ။ နိယတံ၊(ဖြစ်ပေါ်ခဲ့သည်မှ စ၍ ကပ္ပပျက်သည်တိုင်အောင်)ပျက်စီးခြင်း မရှိပဲ ခိုင်မြဲတည်တံ့၏။ နိရုပဘောဂံ၊မိမိသက်သက်မူကား မခံစားနိုင်သောကြောင့်။ ဘာဝေဟိ အဓိဝါသိတံ၊ ကောင်းမှုကံ မကောင်းမှုကံတို့ဖြင့် အထုံရသည်ဖြစ်၍။ (ဤ၂-ပုဒ်မှာ ဟေတုမန္တဝိသေသနများ ဖြစ်သည်။)သံသရတိ၊ (တခု တခုသောဘဝ၌ ထူလသရီရခေါ်သော ခန္ဓာကိုယ်ဟောင်း ပျက်စီးသောအခါ အသစ်အသစ် ဖြစ်သော ထူလသရီရခေါ် ခန္ဓာကိုယ်ကြမ်းသို့) ပြောင်းရွှေ့၍ ပြောင်းရွှေ့၍ ကျင်လည်၏။

ဤကပိလဂိုဏ်းဝင် သာချံဝါဒီတို့၏ အယူ၌ "ပကတိစသည်မှ မဟာ အဟံကာရ စသည်ဖြစ်ပေါ်လာသည်"ဟု ဆိုသော်လည်း မရှိသေးသော

http://www.dhammadownload.com

ဖြစ်သော[၁]။ မဟာ၊ သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ၊ သို့။ ဝစနတောစ၊ သာချံဝါဒဆိုင်ရာကျမ်းတို့၌ ဆိုသောကြောင့်ရင်း။ ဗုဒ္ဓိဘာဝါနုဇနနတောစ၊ အသိဉာဏ် အဖြစ်ကို ခွင့်ပြုခြင်းကြောင့်ရင်း။ နာမံ၊ နာခံတည်း။ အနိစ္စံစ၊ သည်ရင်း။ သခ်ဘမေဝစ၊ သခ်ဘတရားသည်ရင်း။ အာပန္နံ၊ ဖြစ်၏။ တသ္မာ မဟတော၊ ထိုမဟာမည်သော တဘ္ဘမှ။ ဆ၊ ခြောက်ပါးကုန်သော။ ဝိသေသာ၊ အထူးတို့ကို[၂]။ သဇ္ဇိယန္တိ၊ စီရင်အပ်ကုန်၏။ တနည်း။ ဆ၊ ကုန်သော။ ဝိသေသာ၊ တို့သည်။ သဇ္ဇိယန္တိ၊ ဖြစ်ပွါးကုန်၏။ ဣတိ၊ သို့။ သက္ကတေ၊ သက္ကတကျမ်း၌။ ဝစနတော၊ ဆိုသောကြောင့်ရင်း။ အသိဒ္ဓိတိ၊ ငါဖြစ်၏ ငါ ဟုတ်၏ဟူ၍။ ဂဟဏနိမိတ္တဘာဝါနုဇာနနေန၊ ယူခြင်း၏ အကြောင်းအဖြစ်

အသစ်တစုံတရာ ဖြစ်ပေါ်လာသည် မဟုတ်၊သိမ်မွေ့၍ မထင်ရှားသော ရှိပြီး ပကတိ စသည်မှ ကြမ်းတမ်းထင်ရှားသည့်အနေအားဖြင့် ပေါ်လာခြင်းသာ ဖြစ်သည်၊ မူလက မရှိသော အခြေအနေမှ ရှိသည့် အနေဖြင့် အသစ် ဖြစ်ပေါ်လာခြင်း မည်သည် မရှိဟူ၍ရင်း၊ ပျက်သော အခါ၌လည်း ကြမ်းတမ်းသောမဟာဘုတ်တို့မှ သိမ်မွေ့၍ တမ္မတ္တအဖြစ်သို့ ရောက်သည်၊ ထိုတမ္မတ္တနှင့် ဣန္ဒြေတို့မှ အဟံကာရ အဖြစ်သို့ ပြန်ရောက်သည်။ ထိုမှတဖန် မဟာ အဖြစ်သို့ ပြန်ရောက်သည်၊ မဟာမှ သတ္တ ရဇ တမ ဂုဏ် ၃-ပါးညီမျှသော ပကတိ အဖြစ်သို့ပြန်ရောက်သည်။ ဤသို့ ကြမ်းတမ်း ထင်ရှားသော အခြေအနေမှ သိမ်မွေ့၍ မထင်ရှားသော အခြေအနေသို့ ရောက်သွားခြင်းမျှသာ ဖြစ်သည်၊ ထင်ရှားရှိနေသော အရာဝတ္ထုမှ လုံးဝမရှိသော အခြေသို့ရောက်လျှက် ပျက်စီးခြင်းမည်သည် မရှိ-ဟူ၍ရင်း ဆိုကြ၏၊ထိုကြောင့်ပင် ဝိသုဒ္ဓိမဂ် (၂-၁၄၄)၌ရင်း သမ္မောဟဝိနောဒနီ အဋ္ဌကထာ (၈၄) ၌ရင်း "န ဖလေန သဂဗ္ဘော ပကတိဝါဒီနံ ပကတိဝိယ"ဟု ဤပကတိဝါဒကို ပယ်လေသည်။

၁—ပကတိသည် သိကြောင်း မဟုတ်သောကြောင့်ရင်း ထိုပကတိကိုသာမန်ပုဂ္ဂိုလ်တို့မသိနိုင်သောကြောင့်ရင်း အလိင်္ဂဟု ခေါ်သည်၊ မဟာ အဟံကာရအစရှိသော ဝိကတိတို့သည်ပကတိကို မှန်းဆ၍ သိရန်အကြောင်းဖြစ်သောကြောင့် ရင်းတို့ကို လိင်္ဂခေါ်သည်ဟု သာချံဝါဒတို့၌ ဆို၏၊ ထိုတွင် မဟာသည်လည်း လိင်္ဂ၌ အပါအဝင်ဖြစ်သောကြောင့် ဤ၌ ရင်းကို လိင်္ဂဝိသေသမတ္တော-ဟု ဆိုသည် ဖြစ်ရာ၏။ သီဟိုဠ်မူ၌ကား အာလိင်္ဂတော လိင်္ဂမတ္တော-ဟု ရှိ၏၊ တိုက်ရိုက်ပြဆိုထားသော ကျမ်းရင်းကိုကား ရှာ၍ မတွေ့ရသေး။

၂—ဝိသေသ ခြောက်ပါး အရကို (၁)အဟံကာရ၊ (၂)ဗုဒ္ဓိန္ဒြိယ၊ (၃)ကမ္မိန္ဒြိယ၊ (၄) မန၊ (၅) တမ္မတ္တ၊ (၆) ဘူတတို့ ဟူ၍ ယူအပ်၏။

http://www.dhammadownload.com

ကို ခွင့်ပြုခြင်းကြောင့်ရင်း။ အဟံကာရော၊ သည်။ အဘိမာနေ၊ ငါဟု ထင်မှတ်ခြင်းတည်း။ ဣတိကတ္ဘာ၊ ဤသို့ နှလုံးသွင်း ယူဆခြင်းကြောင့်။ နာမံ၊ တည်း။ တတော ဧဝ၊ ထိုနာမ်ဖြစ်သောကြောင့်သာလျှင်။ အဿ၊ ထိုအဟံကာရ၏။ အနိစ္စသဘ်တဘာဝါပတ္တိစ၊ အနိစ္စအဖြစ်သဘ်တတရားအဖြစ်သို့ ရောက်ခြင်းသည်လည်း။ သိဒ္ဓါ၊ ပြီး၏။ ဣတရံ၊ ဤမှတပါးသော။ တမ္မတ္တ ပဉ္စကံ၊ ငါးခုအပေါင်းသည်။ ဂန္ဓ ရသ ရူပ ဖဿ သဒ္ဒ ဘာဝါနုဇာနန-တော၊ ဂန္ဓ ရသ ရူပ ဖဿ သဒ္ဒအဖြစ်ကို ခွင့်ပြုခြင်းကြောင့်။ ရူပံ၊ တည်း။ ပန၊ ဆက်၍ဆိုဦးအံ့။ ကာပိလာနံ၊ ကပိလဂိုဏ်းဝင် သာင်္ချဝါဒီပုဂ္ဂိုလ်တို့၏။ အရူပန္တိ၊ နာမ်ဟူ၍ ယူဆခြင်းသည်။ မိစ္ဆာဘိနိဝေသမတ္တံ၊မှားယွင်းစွာ နှလုံးသွင်းခြင်းမျှသာတည်း[၁]။ တေဟိ၊ ထို မဟာ အဟံကာရတို့မှ။ တနည်း။ ထိုကပိလဂိုဏ်းဝင် သာင်္ချဝါဒီ ပုဂ္ဂိုလ်တို့သည်။ သောဠသဝိသေသာ၊ တဆယ့်ခြောက်ပါးသော အထူးဟု ဆိုအပ်ကုန်သော။ ပဉ္စဘူတာနိ၊ ငါးပါးသော သိမ်မွေ့သောဘုတ်ဟု ဆိုအပ်သော တမ္မတ္တာတို့ကိုရင်း။ ကောဒသိန္ဒြိယာနိ စ၊ တဆယ့်တပါးသော ဣန္ဒြေတို့ကိုရင်း။ (ဣစ္ဆိတာနိ၊ အလိုရှိအပ်ကုန်၏။)[၂] ဘူတေဟိ၊ တမ္မတ္တဟု ခေါ်သော သိမ်မွေ့သောဘုတ်တို့မှ။ ဘူတဝိသေသာနိ၊ ကြမ်းတမ်းသော ဘုတ်အထူးတို့သည်။ (ဇာယန္တိ၊ ဖြစ်ကုန်၏။) ဣတိ၊ ဤသို့။ (ဝစနတော၊ သာင်္ချဝါဒကျမ်းတို့၌ ဆိုသောကြောင့်။)[၃] ဂန္ဓာဒိတမ္မတ္တေဟိ၊

၁—ကပိလရသေ့သည် သာင်္ချဝါဒကို စ၍ တီထွင်သော ဂိုဏ်းဆရာကြီး ဖြစ်သည်၊ ၎င်းနှင့်တကွ ထိုသာင်္ချဝါဒအယူရှိသူတို့သည် ပကတိ မဟာ အဟံကာရ ဣန္ဒြိယ တမ္မတ္တ ဘူတဟူသော ဤတတ္တအားလုံးကိုပင် ရုပ်ဟူ၍ ဆိုကြ၏၊ ထိုအဆိုမှားယွင်းကြောင်းကို ပြသော စကားဖြစ်သည်။

၂—ဤစကားဖြင့်—

ပကတိယာ မဟာ တတော အဟံကာရော၊
တသ္မာ ဂဏော စ သောဠသကော။
တသ္မာဒပိ သောဠသကာ၊
ပဉ္စဟိ ပဉ္စ ဘူတာနိ။ (သံ-ကာ ၂၂)

ဤဂါထာ၌ ပကတိမှ မဟာ ဖြစ်သည်၊ ထိုမဟာမှအဟံကာရ ဖြစ်သည်၊ ထိုအဟံကာရမှ အစိတ် ၁၆-ပါးပါဝင်သော တတ္တအပေါင်း ဖြစ်သည်-ဟု ဆိုထားသည်ကို ရည်သည်။

၃—ပြပြီးခဲ့သော ဂါထာ၌ "ထိုတဆယ့်ခြောက်ပါးသော အပေါင်းထဲက ငါးပါးသော တမ္မတ္တတို့မှ ငါးပါးသော ဘုတ်တို့ဖြစ်ကြသည်" ဟူသော အဆိုနှင့်

http://www.dhammadownload.com

ဂန္ထ အစရှိသော တမ္ဗတ္တ တို့မှ။ (သာင်္ချဝါဒ ကျမ်းဘို့နှင့် အညီ သဒ္ဒါဒိ-တမ္မတ္တေဟိ-ဟု ဆိုသင့် သော်လည်း ပထဝီမှ အစပြုသော သာသနိက ဝေါဟာရနှင့် လျော်စေရန် ဂန္ဓာဒိတမ္မတ္တေဟိ-ဟု ဆိုသည် ဖြစ်ရာ၏။) တန္နိဿယာနိ၊ ထိုတမ္မတ္တာဘို့၏ မှီရာဖြစ်ကုန်သော။ ပထဝီ အာပေါ တေဇော ဝါယော အာကာသသင်္ခါတာနိ၊ ပထဝီဓာတ်။ပ။ အာကာသဓာတ်ဟု ဆိုအပ်ကုန်သော။ ဘူတာနိ၊ ကြမ်းတမ်းသော မဟာဘုတ်ဘို့ကို။ ဣစ္ဆိတာနိ၊ အလိုရှိအပ်ကုန်၏။ တဗ္ဗိသေသာ၊ ထို မဟာဘုတ်တို့၏ အထူးဖြစ်ကုန်သော။ နာနာဇာတိကာ စ၊ အထူးထူးသော သဘောရှိသော အရာဝတ္ထုတို့သည် ၎င်း [၁]။ ဣန္ဒြိယာနိစ၊ ဣန္ဒြေဘို့သည်၎င်း။ အဟံကာရတော၊ အဟံကာရမှ။ (ဇာယန္တိ၊ ဖြစ်ကုန်၏။) ဣတိ၊ ဤသို့ဆိုခြင်းကြောင့်။ သောတ ကာယ စက္ခု ဇိဝှါ ဃာန ဝါစာ ပါဏိပါဒ ပါယူပတ္ထာနိ စေဝ၊ နား ကိုယ် မျက်စိ လျှာ နှာခေါင်း နှုတ် လက် ခြေ ဝစ္စမဂ် ပဿာဝမဂ်တို့ငှ်း။ မနော စ၊ စိတ် ၎င်း။ ဣတိ၊ သို့။ ဧကာဒသိန္ဒြိယာနိ၊ တဆယ့်တပါးသော ဣန္ဒြေတို့ကို။ (ဘောဟိ၊ ထိုကပိလဂိုဏ်းဝင် သာင်္ချဝါဒီဆရာဘို့သည်။ ဣစ္ဆိတာနိ၊ အလိုရှိအပ်ကုန်၏။)

တတ္ထ၊ ထိုသောဠသဝိသေသာစသည်တို့ဘွင်။ မနော၊ မနသည်။ နာမံ၊ နာမ်ဘည်း။ ဣဘာရာနိ၊ ဤမှတပါးကုန်သော။ သဗ္ဗာနိ၊ အလုံးစုံတို့သည်။ ရူပံ၊ ရုပ်ဘည်း။ စ၊ ဆက်၍ဆိုဦးအံ့။ တေ္တ၊ ဤသောဠသဝိသေသစသည်တို့တွင်။ ဝါစာဘိ၊ ဝါစာဟူသော တမ္မတ္တဖြင့်။ အတ္ထာဝဇောတကဿ၊ အနက်ကို ထွန်းပြတတ်သော။ အက္ခရသမုဒါယဿ၊ အက္ခရာ အပေါင်းကို။ ဂဟဏံ၊ ယူခြင်းသည်။ (ဟောတိ၊ ၏။) [၂] ပန၊ ဆက်၍ ဆိုဦးအံ့။ တနည်း။ ပန၊

နှာ ၉-မှတ်ချက် ၄ ၌ ပြခဲ့သော သာင်္ချပဝစနသုတ်မှ "တမ္မတ္တေဟိ ထူလ-ဘူတာနိ"ဟူသော အဆိုဘို့ကို ရည်ညွှန်းသည်။

၁—ဤသာဓက၌လည်း ကျမ်းရင်းကို မတွေ့ရသေး။ တဗ္ဗိသေသာ၊ ထိုဘုတ်တို့၏ အထူးဖြစ်ကုန်သော။ နာနာဇာတိကာ စ၊ အထူးထူးသော သဘောရှိသော အရာတို့ကိုလည်း။ တေဟိ၊ တို့သည်။ ဣစ္ဆိတာ၊ ကုန်၏။ ဤသို့သော်လည်း အနက်ပြန်ရာ၏။

၂—သာင်္ချကာရိကာ ၂၈ အမှတ်ဂါထာ၏ အဖွင့်ဖြစ်သော သာင်္ချကောမုဒီ၌ ကား "ကဏ္ဌတာလွာဒိဋ္ဌာန မိန္ဒြိယံ ဝါစာ"ဟု ဖွင့်ပြထား၏၊ ထိုအလို အားဖြင့် လည်ချောင်း အာစောက် အစရှိသော အက္ခရာဖြစ်ရာ ဌာန်ကို

http://www.dhammadownload.com

သို့သော်သည်း၊ ဣမေသံ၊ ဤသာချ်ဝါဒီဆရာတို့သည်။ ဓမ္မိတော၊ ဂုဏ်ရှိသော အထည်ဒြဗ်မှ။ (ဓမ္မိနော-ကား မသင့်) ဓမ္မသာ၊ ဂုဏ်၏၊ အနညတ္တဿ၊ တပါး မဟုတ်သည်၏ အဖြစ်၏။ ဝါ၊ အဖြစ်ကို။ ဣစ္ဆိတတ္တာ၊ အလိုရှိအပ်သည်၏ အဖြစ်ကြောင့်။ ပရိဏာမပက္ခေ။ ပြောင်းလဲသည်ဟု ယူသော အဖို့၌။ အနိစ္စဘာ၊ မမြဲသည်၏အဖြစ်သည်။ သိဒ္ဓါဝ၊ ပြီးသည်သာလျှင်တည်း။ အဘိဗျတ္တိပက္ခေပိ၊ မူလရှိပြီးမှ ထင်ရှားပေါ်လာသည်ဟု ယူသော အဖို့၌လည်း။ တဗ္ဗိသယဉာဏုပ္ပါဒေန၊ ထိုအာရုံလျှင် အာရုံရှိသောဉာဏ်၏ ဖြစ်ခြင်းဖြင့်။ အဘိဗျဥ္စနံ၊ ထင်ရှားပေါ်ခြင်းသည်။ ယဒိသိယာ၊ အကယ်၍ဖြစ်ငြားအံ့။ အနိစ္စဘာ၊ မမြဲသည်၏ အဖြစ်သည်။ သိဒ္ဓါဝ၊ ပြီးသည်သာလျှင်တည်း။ (ဖြစ်ပေါ်လာသောဉာဏ် မမြဲ-ဟု ဆိုလို၏။) အထ၊ ထိုသို့ မဟုတ်မူ၍။ တတော၊ ထိုထင်ရှားသည်မှ။ ပုဗ္ဗေပိ၊ ရှေး၌လည်း။ ဉာဏံ၊ ဉာဏ်သည်။ အတ္တေဝ၊ ရှိသည်သာလျှင်။ ယဒိ၊ အကယ်၍ ဖြစ်ငြားအံ့။ (အဘိဗျတ္တိဝါဒေါဝ န သိယာ-ဟု ပါဌ်မှန် ရှိသင့်၏။ သီဟိုဠ်ပေမူတစောင်၌ အဘိဗျတ္တိဝဒေါစ န သိယာ-ဟူ၍ ရှိ၏။ သီဟိုဠ်အက္ခရာ စ-နှင့် ဝ-သည် ဆင်တူရိုးမှား ဖြစ်သည်၊ ရေးကူးရာဘွင် ပြောင်းလဲလာဟန် ရှိ၏။) အဘိဗျတ္တိဝါဒေါဝ-အဘိဗျတ္တိ ဝါဒေါ ဧဝ၊ ထင်ရှားသည်ဟု ဆိုအပ်သော ဝါဒသည်ပင်လျှင်။ န သိယာ၊ မဖြစ်နိုင်လေရာ။ (ရှေးကပင် ထင်ရှားရာသောကြောင့် ထို ဝါဒ မသင့်ဟု ဆိုလို၏။) ဣတိ၊ သို့။ ဣဒံ၊ ဤဆိုအပ်ခဲ့ပြီးသော စကားအစဉ်သည်။ တ္တေ၊ ဤအရာ၌။ ဒိသာမတ္တံ၊ ညွှန်ကြားချက်မျှသာလျှင်တည်း။ ဝါ၊ အမြွက်မျှ ပြဆိုသောစကားတည်း။ (လေသမတ္တံ-ဟု ရှိသင့်၏။)

ဒြဗျ ဂုဏ ကမ္မ သာမည ဝိသေသ သမဝါယာ၊ ဒြဗ် ဂုဏ် အမှု သာမည ဝိသေသ ပူးတွဲပါဝင်နေခြင်း- သမဝါယဘို့သည်။ ဒြဗျာဒိကာ၊ ဒြဗျ စသည် မည်ကုန်၏[၁]။ တတ္ထ၊ ထိုဒြဗျစသည်တို့တွင်။ ပထဝီ၊ ပထဝီဓာတ်ရင်း။ အာပေါ၊

"ဝါစာ-နူတ် ဣန္ဒြေ" ခေါ်သည်ဟု မှတ်ယူအပ်၏။ ထိုသို့ယူလျှင်လည်း ထိုဌာန်များမှာ ရုပ်ပင်ဖြစ်၍ အနိစ္စ သခ်ိတအဖြစ်သို့ ရောက်သည်ပင်။

၁—ဤဒြဗျာဒိဝါဒသည် ကဏာဒရသေ့၏ ဝါဒဖြစ်သည်၊ အဏုမြူကိုမူတည်၍ ဆိုသောဝါဒ ဖြစ်သောကြောင့် ၎င်းကို အဏုဝါဒ ဟူ၍လည်း ခေါ်၏။ ယခု ခေတ် ကဏာဒဝါဒကျမ်းတို့၌ (၁) ဒြဗျ-ဒြဗ်၊ (၂) ဂုဏ-ဂုဏ်၊ (၃) ကမ္မ-အမှု၊ (၄) သာမည-ဘူညီခြင်း-မထူးခြားခြင်း၊ (၅) ဝိသေသ-ထူးခြားခြင်း၊ (၆) သမဝါယ-ပူးတွဲပါဝင်နေခြင်း၊ (၇) အဘာဝ-မရှိခြင်းဟု ခေါင်းစဉ် ခုနစ်

http://www.dhammadownload.com

အာပေါဓာတ်ရင်း။ တေဇော၊တေဇောဓာတ်ရင်း။ ဝါယော၊ဝါယောဓာတ်ရင်း။ အာကာသော၊ အာကာသဓာတ်ရင်း။ ကာလော၊ ကာလရင်း။ ဒိသာ၊ အရပ်ရင်း။ အတ္တာ၊ အတ္တရင်း။ မနော၊ စိတ်ရင်း [၁]။ ဣတိ၊ သို့။ နဝ၊ ကိုးပါးသော တဘာ္ဝတို့သည်။ ဒြဗျာနိ၊ ဒြဗ်တို့ မည်ကုန်၏။ သဒ္ဒ ရူပ ရသ ဂန္ဓ ဖဿာစ၊ အသံ အဆင်း အရသာ အနံ့ အတွေ့ဘို့ရင်း။သင်္ခါပရိမာဏာနိစ၊ အရေအတွက်နှင့် အတိုင်းအရှည်တို့ရင်း [၂]။ ပုထုတ္တ သံယောဂ ဝိယောဂ ပရတ္တာပရတ္တာ စ၊ အသီး အခြား၏ အဖြစ် ယှဉ်တွဲခြင်း ကွဲကွာခြင်း ဝေးသည်၏အဖြစ် နီးသည်၏အဖြစ်တို့ရင်း [၃]။ ဗုဒ္ဓိ သုခ ဒုက္ခ ဣစ္ဆာ ဒေါသ

မျိုး ခွဲခြား၍ ထုတ်ပြကုန်၏။ ထိုတွင် အဘာဝ-မရှိခြင်း ဟူသော ပဒတ္ထမှာ မူလဖြစ်သော ကဏာဒ ကျမ်း၌ မရှိမူ၍ နောက်ဆရာတို့ ထည့်သွင်းထားသော ပဒတ္ထ ဖြစ်သည်ဟုဆို၏။ မဟာဋီကာဆရာများ၏ လက်ထက်က ၎င်း အဘာဝသည် အဏုဝါဒကျမ်းတို့၌ ရှိဟန်မတူသေး။ ထိုကြောင့် ဤဋီကာ၌ ၎င်းအဘာဝကို မဖော်ပြဘဲ ပဒတ္ထ ခေါင်းစဉ် ခြောက်ပါးကိုသာလျှင် ပြထား သည်ဟု ယူအပ်၏။

၁—အဏုဝါဒီတို့က အတ္တကိုရင်း မနကိုရင်း အထည်ဒြဗ်ဟူ၍ ပညတ်ခေါ် ဆိုကြ၏၊ ထိုတွင် မနသည် ပရမာဏုမြူသဖွယ် အလွန်သေးငယ် သိမ်မွေ့သော ဝတ္ထုဖြစ် သောကြောင့် ၎င်းကို မျက်မှောက်အားဖြင့် မသိနိုင်၊ အနုမာနအားဖြင့် မှန်းဆ၍သာ သိနိုင်သည်ဟု ဆိုကြ၏။

၂—**သင်္ချာ-အရေအတွက်** ဟူသည်မှာ တခု နှစ်ခု သုံးခု လေးခု စသော အရေ အတွက်ပင်ဖြစ်သည်။ **ပရိမာဏ-အတိုင်းအရှည်** ဟူသည်မှာ အကြီးအငယ် အရှည် အတိုစသော အယွယ်အစား ပမာဏပင် ဖြစ်သည်။ ၃—**ပုထုတ္တ-အသီး အခြားဖြစ်ခြင်း**ဟူသည်မှာ စာအုပ်သည် ခဲတံမဟုတ်၊ခဲတံသည်လည်း စာအုပ် မဟုတ်၊ စားပွဲခုံသည် ကုလားထိုင်မဟုတ်၊ ကုလားထိုင်သည်လည်း စားပွဲခုံ မဟုတ်၊ ဤသို့ စသည်အားဖြင့် အသီးအခြား ဖြစ်ခြင်းပေတည်း။

၃—**သံယောဂ-ယှဉ်ခြင်း** ဟူသည်မှာ မူလက အသီးအခြား တည်နေသော အရာ ဝတ္ထုနှစ်ခုတို့၏ အကြောင်းအားလျော်စွာ ပေါင်းစပ် ယှဉ်တွဲခြင်းပင် ဖြစ် သည်။ ဥပမာ....လူသည် ကုလားထိုင်၌ ထိုင်သောအခါ လူနှင့် ကုလားထိုင် တို့၏ ယှဉ်တွဲခြင်းကဲ့သို့ရင်း၊ ဘောလုံးနှစ်ခုတို့ အချင်းချင်း တိုက်ခိုက်သွား သောအခါ ယှဉ်တွဲခြင်းကဲ့သို့ရင်း ယှဉ်တွဲခြင်းမျိုး ဖြစ်သည်။**ဝိယောဂ-ကွဲကွာ ခြင်း** ဟူသည်မှာ ယှဉ်တွဲနေသော အရာဝတ္ထုနှစ်ခုတို့၏ ကွဲကွာသွားခြင်း ပင်တည်း။ ဥပမာ....ကုလားထိုင်မှ လူထသွားသောအခါ ထိုလူနှင့် ကုလား

http://www.dhammadownload.com

ပယတ္တ ဂုရုတ္တ ဒြဝတ္တ သ္နေဟ ဝေဂါစ၊ အသိဉာဏ် ချမ်းသာ ဆင်းရဲ အလိုရှိခြင်း ရှုံ့မုန်းခြင်း အားထုတ်ခြင်း လေးသည်၏အဖြစ် အရည်၏အဖြစ် စေးကပ်ခြင်း လျင်မြန်သော အဟုန်တို့ရင်း [၁]။ သင်္ခါရာဒိဋ္ဌာ စ၊ သင်္ခါရနှင့် အဒိဋ္ဌတို့ရင်း [၂]။ ဣတိဧဝံ၊ သို့။ တေဝီသတိ၊ နှစ်ဆယ့်သုံးပါးသော။ ဧတေ၊ ဤတရားတို့သည်။ ဂုဏာ၊ ဂုဏ်မည်ကုန်၏။ ဥက္ခေပနံ၊ ကြွ-ခြင်း မ-ခြင်းရင်း။ အဝက္ခေပနံ၊ ချခြင်းရင်း။ အာကုဉ္စနံ၊ တွန့်ခြင်း ရှုံ့ခြင်းရင်း။ ပသာရဏံ၊ ဖြန့်ခြင်း ဆန့်ခြင်းရင်း။ ဂမနံ၊ သွားခြင်းရင်း။ ဣတိ၊ သို့။ ပဉ္စ၊ ငါးပါးသော တရားတို့သည်။ ကမ္မာနိ၊ အမှုကံ မည်ကုန်၏။ အညမညဝိသိဋ္ဌေသု၊ အချင်းချင်း ထူးသော ဝတ္ထုတို့၌။ အဝိသိဋ္ဌံ၊ မထူးသော။ ဝါ၊ တခုတည်းသော။ အဘိဓာနံ၊ အမည်သည်။ ပစ္စယော၊ ထိုထိုဝတ္ထုတို့ကို သိခြင်း၏ အကြောင်းသည်။ ဟောတိ၊

ထိုင်တို့၏ ကွဲကွာသွားခြင်းကဲ့သို့ရင်း၊ ဘောလုံး နှစ်ခုတို့ တိုက်ခိုက်ပြီးလျှင် ကွဲကွာသွားခြင်းကဲ့သို့ရင်း ကွဲကွာသွားခြင်းမျိုး ဖြစ်သည်။ **ပရတ္တ-ဝေးသည်၏ အဖြစ်၊ အပရတ္တ-နီးသည်၏အဖြစ်**ဟူသည်မှာ အရပ်အားဖြင့်ရင်း ကာလအားဖြင့်ရင်း အရာဝတ္ထုနှစ်ခုတို့၏ အချင်းချင်း ဝေးကွာခြင်း နီးကပ်ခြင်းပင်ဖြစ်သည်။ ထိုတွင် အရပ်အားဖြင့် ဝေးခြင်း နီးခြင်းမှာ သိသာ ထင်ရှား၏၊ ကာလအားဖြင့် ဝေးခြင်း နီးခြင်းမှာ အသက်ကြီးသော ဝတ္ထုနှင့်အသက်ငယ်သော ဝတ္ထုတို့၏ ဝေးခြင်း နီးခြင်းမျိုးကို ဆိုသည်။

၁—၂ –ဝေဂါဟူသောပုဒ်မှာ သီဟိုဠ်မူ၌ မရှိ၊ ထိုပုဒ်မပါလျှင် ဤ၌ ပြထားသော နှစ်ဆယ့်သုံးခု အရေအတွက် သင်္ချာနှင့်သင့်ညီညွတ်၏။ အိန္ဒိယ ဖိလော်ဆော်ဖီခေါ် သော ကျမ်း၌ သင်္ခါရမှ (၁) ဝေဂ-လျင်မြန်သော အဟုန်၊ (၂) ဘာဝနာ-လေ့လာ ပွါးများခြင်းဟူသော သမာဓိ ပညာ ဘာဝနာ။ (၃) ဌိတိဋ္ဌာပကတ္တ-တည်မြဲစေခြင်း၊ (ဥပမာ-ရော်ဘာသည် ဆွဲလိုက်သောအခါ ရှည်လာသော်လည်း လွှတ်လိုက်သောအခါ သူ့ပင်ကိုယ်ရင်း အတိုင်းပင် ပြန်တည်နေ၏၊ နှိပ်လိုက်သောအခါ ချိုင့်ခွက်၍ သွားသော်လည်း လွှတ်လိုက်သောအခါ တည်မြဲပင်ပြန်တည်နေ၏။ ထိုဖြစ်ပုံမျိုးကိုဆိုသည်။) ဤသို့ ၃-မျိုးခွဲ ပြထား၏။ **အဒိဋ္ဌ-မမြင်အပ်သောတရား**ဟူသည်မှာ ဓမ္မနှင့် အဓမ္မဟု ခေါ်သော ကုသိုလ်နှင့် အကုသိုလ်ဖြစ်ကြောင်း ဤဋီကာ၌ပင် ပြလတံ့။ အိန္ဒိယဖိလော်ဆော်ဖီခေါ် သော ကျမ်း၌ ဤအဒိဋ္ဌ အရာတွင် ဓမ္မနှင့် အဓမ္မနှစ်ခုတို့ကို တိုက်ရိုက်ပင် ဖော်ပြ၍ ဂုဏ် နှစ်ဆယ့် လေးပါး ရေတွက် ဖော်ပြထားသည်။

http://www.dhammadownload.com

၏ [၁]။ သတ္တာဣတိ၊ ရှိသည်၏အဖြစ်-ရှိခြင်းဟူသော [၂]။ သာ၊ ထိုအမည်သည်။ ယတော၊ အကြင်ကြောင့်။ (အနဝသေသတော၊ အကြွင်းမဲ့ အားဖြင့်-ဟု ရှိလျှင် သာ၍သင့်မြတ်ပေ၏။) ဒြဗျဂုဏကမ္မေသု၊ ဒြပ် ဂုဏ် အမှုတို့၌။ အတ္ထိဝေ၊ ရှိသည်ချည်းသာလျှင်တည်း။ ဣတိ၊ ထိုကြောင့်။ ဧတံ၊ ရှိသည်၏ အဖြစ်-ရှိခြင်း (သတ္တာ)ဟူသော ဤအမည်သည်။ မဟာသာမညံ၊ မဟာ သာမည မည်၏ [၃]။ ပထဝီအာဒီသု၊ မြေအစရှိသည်တို့၌။ ဝါ၊ မြေ ရေ လေ မီး စသော အမျိုးမျိုးသော ဒြပ် အမျိုးမျိုးသောဂုဏ် အမျိုးမျိုးသောအမှုတို့၌။ အနုဝုတ္တိဗျာဝုတ္တိဗုဒ္ဓိနိမိတ္တံ၊ အစဉ်လိုက်၍ ဖြစ်ခြင်း ပယ်နှုတ်၍ ဖြစ်ခြင်းကို သိခြင်း၏ အကြောင်းဖြစ်သော။ ဒြဗျတ္တာဒိ၊ ဒြပ်၏ အဖြစ် အစရှိသည်သည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုဒြပ်၏ အဖြစ် အစရှိသည်သည်။ ယထာ၊ အဘယ်နည်းဟူမူကား။ ဒြဗျတ္တ ဂုဏတ္တ ကမ္မတ္တ ဃဋတ္တာဒိ၊ ဒြပ်၏အဖြစ် ဂုဏ်၏အဖြစ် အမှု၏ အဖြစ် အိုး၏အဖြစ် စသည်ပင်တည်း။ ဧသော၊ ဤအလုံးစုံသည်။ သာမည ဝိသေသော၊ သာမညဝိသေသမည်၏ [၄]။ဣဟ တန္တေသု၊ ဤချည်ချောင်းတို့၌။

၁—ဤစကားဖြင့် သာမညကို ပြ၏။ သာမညဟူသည်မှာ အမျိုးတူအားလုံးနှင့် သက်ဆိုင်သော အမည်ပင် ဖြစ်သည်။ နွားဟူသော အမည်သည် အမျိုးတူသော နွားဟူသမျှကို သိကြောင်းဖြစ်၍ သာမည မည်၏၊ ထိုအတူ လူ နတ် စသောအမည်တို့သည်လည်း လူတိုင်း နတ်တိုင်း စသည်တို့နှင့် သက်ဆိုင်သောကြောင့် သာမည မည်၏။

၂—ဤအရာတွင် ယခုလက်ရှိ ဋီကာစာအုပ်တို့၌ "သံ-ဣတိ" ဟု ရှိ၏၊ "သံ-သန္တော ဣတိ၊ ရှိသည်-ဖြစ်သည်ဟူသော။ သာ၊ ထိုအမည်သည်" ဟူ၍ အနက်ပြန်ရာ၏။ သို့သော် မသန့်ရှင်း မချောမောလှပေ။ ကဏာဒဝါဒကျမ်းတို့၌ ဤအရာတွင် သတ္တာ-ဟူသောအမည်ကို "သာမညံ ဒွိဝိဓံ ပရမရံ စ၊ ပရံ သတ္တာ ဒြဗျဂုဏ သမဝေတာ၊ အပရံ ဒြဗျတ္တာဒိ၊ (သဗ္ဗဒဿနသင်္ဂဟ ၂၂၀)" ဤသို့ စသည်ဖြင့် ထုတ်ပြထား၏၊ ထိုအမည်သည်သာလျှင် ယုတ္တတရ ဖြစ်သည်။ ထိုကြောင့် ဤ၌ "သတ္တာ ဣတိ၊ ရှိသည်၏အဖြစ်-ရှိခြင်းဟူသော။ သာ၊ ထို အမည်သည်" ဟူ၍ အနက်ပြန်ဆိုထားသည်။

၃—ဤအရာ၌ ဆိုလိုသည်မှာ "ရှိခြင်း-ဖြစ်ခြင်း" ဟူသောအမည်သည် အရာဝတ္ထု အားလုံးတို့နှင့် သက်ဆိုင်၏၊ ထိုကြောင့် ဋီကာ၌ ဒြဗျဂုဏကမ္မေသု သာ အတ္ထိဝေ ဟူ၍ ဆိုပြီးလျှင် ၎င်းအမည်ကို မဟာသာမညဟု ဆိုလေသည်။

၄—နောက်ခေတ် ကဏာဒ ဝါဒကျမ်းတို့၌ကား ဤသာမညအရာတွင် "(၁) ပရ အလုံးစုံ၌ ပျံ့နှံ့သောအမည်၊ (၂) အပရ-အနည်းဆုံး နယ်ပယ် အကျဉ်း

http://www.dhammadownload.com

ပဋ္ဌောတိ၊ပုဆိုး ဟူသော အမည်သည်။ (ဟောတိ၏။) ဣဟ ကပါလေသု၊ ဤ မြေအိုးအုံတို့၌။ ဝါ၊ မြေအိုးခြမ်းတို့၌။ ဃဋ္ဌောတိ၊ အိုးဟူသော အမည်သည်။ (ဟောတိ၊ ၏။ ဣတိ၊ သို့။) ဣဟေတိ ဣဟ ဣတိ၊ ဤ၌ဟူ၍။ ယတော၊အကြင်ကြောင့်။ဟေတု ဟေတုဖလာနံ၊အကြောင်းနှင့်အကျိုးတို့၏။ သမ္ဗန္ဓော၊ ဆက်စပ်ခြင်းကို။ သမဝါယောတိ၊ သမဝါယ ဟူ၍။ ဝုတ္တော၊ ဆို အပ်၏[၁]။ (သော၊ ဤဆက်စပ်ခြင်းသည်။) သမဝါယော၊ သမဝါယ မည်၏။

ဆိုးပျံ့နှံ့သော အမည်၊ (၃) ပရာပရ-အလယ်အလတ် ပျံ့နှံ့သောအမည်-ဟု သုံးမျိုးခွဲပြီးလျှင် "သတ္တာ-ရှိသည်၏ အဖြစ်-ရှိခြင်း" ဟူသော အမည်ကို အလုံးစုံ၌ ပျံ့နှံ့သော **ပရသာမည**ဟူ၍ရှင်း၊ ဃဋတ္တ-အိုး၏အဖြစ်-ဤသို့သော အမည်မျိုးကို အနည်းဆုံး အကျဉ်းဆုံး ပျံ့နှံ့သော **အပရသာမည**ဟူ၍ရှင်း ဒြဗျတ္တ-အရာဝတ္ထု၏အဖြစ်-ဤသို့သော အမည်မျိုးကို အလယ်အလတ် ပျံ့နှံ့သော **ပရာပရသာမည**ဟူ၍ရှင်း ပြဆိုထား၏၊ ၎င်း ဒြဗျတ္တ-အရာဝတ္ထု၏ အဖြစ်ဟူသော အမည်သည် မြေ ရေ လေ မီး အစရှိသော ကိုးမျိုးသော ဒြဗ်ဝတ္ထုတိုင်းတို့နှင့် သက်ဆိုင်သောကြောင့် **ပရ**လည်း မည်၏၊ သို့သော် "ရှိသည်၏ အဖြစ်-ရှိခြင်းဟူသော အမည်ကဲ့သို့ ဂုဏ် အမှုတို့နှင့်ပါမသက်ဆိုင် သောကြောင့် **အပရ**လည်းမည်၏၊ထိုကြောင့် ၎င်းကို ပရာပရဟုဆိုလေသည်။ ထိုတွင် ပရသာမညကို ဤဋီကာ၌ မဟာသာမညဟု ဆို၍ ပရာပရသာမည နှင့် အပရသာမညတို့ကို သာမညဝိသေသဟုဆိုသည်။ မှန်ပေ၏၊ဒြဗျတ္တ-ဒြဗ်၏ အဖြစ်၊ ဂုဏတ္တ-ဂုဏ်၏အဖြစ်၊ ကမ္မတ္တ-အမှု၏အဖြစ်ဟူသော ဤအမည်တို့ သည် အသီးအသီး ဒြဗ်ဝတ္ထုတိုင်းဂုဏ်တိုင်း အမှုတိုင်းတို့၌ပျံ့နှံ့သောကြောင့် ပရာပရသာမညတို့ပေတည်း၊ ဃဋတ္တ-အိုး၏အဖြစ်-ဤသို့ အစရှိသော အမည် သည် အပရသာမညပေတည်း။

၁—သံယောဂ-ယှဉ်ခြင်းနှင့် သမဝါယ ပူးတွဲ ပါဝင်နေခြင်းတို့၏ အထူးကား.... သံယောဂ-ယှဉ်ခြင်းမှာ မူလက တခြားစီကွဲနေသော ဒြဗ်ဝတ္ထုနှစ်ခုတို့ အကြောင်းအားလျော်စွာ အခိုက်အတန့်မျှ ယှဉ်တွဲသွားခြင်းဖြစ်သည်။၎င်းမှာ ဒြဗ်ဝတ္ထုနှစ်ခုတို့၏ ယှဉ်တွဲခြင်းဖြင့် ပြီးသောကြောင့် ယုတသိဒ္ဓဖြစ်သည်၊ အခိုက်အတန့်မျှသာ ယှဉ်ခြင်းဖြစ်၍ တခြားစီလည်း ပြန်၍ ကွဲသွားနိုင်၏။ လူနှင့် ကုလားထိုင် ထိစပ်ခြင်း ဘော့လုံး နှစ်ခု ထိသွားခြင်းတို့ကို ပုံစံအဖြစ် ဖြင့် နှာ ၁၆-မှတ်ချက် ၃-၌ ပြခဲ့ပြီ။ သမဝါယ-ပူးတွဲပါဝင်နေခြင်းမှာမူ ထိုကဲ့သို့ မဟုတ်၊ တခုနှင့် တခု နောက်ကာလမှ ယှဉ်ခြင်းမဟုတ်ပဲ မူလကပင် ပူးတွဲ ပါဝင်နေခြင်းဖြစ်သည်၊ အရာဝတ္ထုတခုထဲမှာ အခြားတခုက အလုံးစုံပင် ပျံ့နှံ့ လျက် ပါဝင်နေခြင်းဖြစ်သည်၊ ၎င်းတို့ကို တခြားစီ ခွဲ၍မရနိုင်၊ ပုံစံမှာ....

http://www.dhammadownload.com

ဝါ၊ ပူးတွဲပါဝင်နေခြင်း မည်၏။ ဣတိ ဧဝံ၊ သို့။ ဧဘေ ဒြဗျာဒိကာ၊ ဤဒြဗျ အစရှိသော တတ္တွတို့ကို။ (သရူပတော၊ ဖြင့်။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။)

တတ္ထ၊ ထိုဒြဗျ စသည်တို့တွင်။ ပထဝီ အာပ တေဇ ဝါယူ၊ မြေ ရေ မီး လေတို့သည်။ ဘူတရူပံ၊ ဘူတရုပ်တည်း။ အာကာသံ၊ အာကာသသည်။ ဘေသံ၊ ထိုဘူတရုပ်တို့၏။အဘာဝမတ္တံ ဝါ၊မရှိခြင်းမျှသည်သော်၎င်း။ ပရိစ္ဆေဒေါဝါ၊ အပိုင်းအခြားမျှသည်သော်၎င်း။ (ဟောတိ၊ ၏။) ကာလော၊ ကာလသည်။စန္ဒသူရိယာဒိပရိဝတ္တနံ စ၊ လ နေ စသည်တို့၏ လှည့်လည်ခြင်းကို၎င်း။ ဓမ္မပဝတ္တိ ံစ၊ ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်းကို၎င်း။ ဥပါဒါယ၊ အစွဲပြု၍။

ချည်ချောင်းများနှင့် ပုဆိုး၊ အိုးအုံနှင့်အိုး၊ လူ၏အဖြစ်နှင့်လူ၊ နီသောအဆင်းနှင့် နီသောပန်း၊ လှုပ်ရှားမှုနှင့် လှုပ်ရှားသော ဝတ္ထုစသည်တို့ပင် ဖြစ်သည်။ ဤပုံစံတို့ ၌ချည်ချောင်းများနှင့် ပုဆိုးစသည်တို့သည် မူလကပင် အချင်းချင်း ပူးတွဲပါဝင်လျက်ရှိ၏၊ ၎င်းတို့ကို အချင်းချင်း ခွဲခွါ၍ မရနိုင်၊ ဤသို့နောက်မှ ယှဉ်တွဲရသည်မဟုတ်ပဲ မူလကပင် ယှဉ်တွဲမှု အလိုလို ပြီးနေသောကြောင့် ၎င်းကို အယုတသိဒ္ဓဟူ၍လည်း ခေါ်သည်။ ထိုကြောင့်ပင် ဋီကာ၌ နာမ်ရုပ်သို့ သွင်းပြရာ၌ အယုတ္တသမ္ဗန္ဓေ ဟု မိန့်ဆိုပေသည်။

၁—ဤအရာ၌ ကဏာဒဝါဒကို အနည်းငယ်ထပ်၍ ပြဦးအံ့....ယခုခေတ် ကဏာဒ ဝါဒဆိုင်ရာ ကျမ်းတို့၌ ပြထားသော အဘာဝ ဟူသည်မှာ သံသဂ္ဂအဘာဝ- အချင်းချင်းထဲ၌ ရောယှက်ပါဝင်လျက် မရှိခြင်း၊ အညောညအဘာဝ-အချင်း ချင်း တခုသည် အခြားတခု မဟုတ်ခြင်းအားဖြင့် နှစ်မျိုး ခွဲပြကြ၏၊ ထိုတွင် ဆံပင်ထဲ၌ မွေးညင်းမရှိ၊ မွေးညင်းထဲ၌ ဆံပင်မရှိ-ဤသို့သော မရှိခြင်းမျိုးကို သံသဂ္ဂအဘာဝ-ဟု ဆိုကြ၏။ ဆံပင်သည် မွေးညင်းမဟုတ်၊ မွေးညင်းသည် လည်း ဆံပင်မဟုတ်၊ ဤသို့သောမဟုတ်ခြင်းမျိုးကို အညောညအဘာဝ-ဟု ဆိုကြ၏။

ထိုတွင် သံသဂ္ဂ အဘာဝ-သည် (၁) ပါဂဘာဝ-ပဌမကမရှိသေးခြင်း၊ (၂) ဓံ့သာဘာဝ-ပျက်ပြီးနောက် မရှိပြန်ခြင်း၊ (၃) အစ္စန္တာဘာဝ-စင်စစ် အလျှင်း မရှိခြင်း ဟူ၍ သုံးပါးအပြားရှိ၏။ ထိုတွင် မဆောက်လုပ်ရသေးမီက အိမ်၏ မရှိသေးခြင်းမျိုးကို ပါဂဘာဝ-ဟု ခေါ်သည်။ ရှိနေသောအိမ် ပျက်စီးသွား သည့် နောက်၌ ထိုအိမ်၏ မရှိတော့ခြင်းမျိုးကို ဓံ့သာဘာဝ-ဟု ခေါ်သည်။ လေထဲ၌ အရောင်အဆင်း မရှိခြင်းမျိုးကို အစ္စန္တာဘာဝ-ဟု ခေါ်သည်။ ၎င်းမှာ ရှေးကလည်း မရှိ၊ နောင်လည်းမရှိ၊ ယခုလည်းမရှိ၊ ကာလသုံးပါးလုံး ၌ မရှိခြင်း ဖြစ်သည်။ ဤအဘာဝသုံးပါးလုံး ပညတ်မျှသာ ဖြစ်သည်။

http://www.dhammadownload.com

ပညတ္တိမတ္တံ၊ အပြားအားဖြင့် သိစေအပ်သော ပညတ်မျှသာတည်း။ တထာ၊ ထိုအဘူ။ ဒိသာစ၊ အရပ်မျက်နှာသည်ရင်း။ အတ္တာစ၊ အတ္တသည်ရင်း။ ပညတ္တိမတ္တံ၊ ပညတ်မျှသာဘည်း။ မနော၊ မနသည်။ နာမံ၊ နာမ်တည်း။ သဒ္ဒ ရူပ ရသ ဂန္ဓာ၊ အသံ အဆင်း အရသာ အနံ့ဘို့သည်။ ရူပမေဝ၊ ရုပ်သည် သာလျှင်တည်း။ ဖဿော၊ ဖဿသည်။ ဘူတတ္တယ ဘာဝတော၊ ဘူတရုပ် သုံးပါးအပေါင်း၏ အဖြစ်ကြောင့်။ တထာ၊ ထိုအဘူ။ ရူပမေဝ၊ ရုပ်သည် သာလျှင်ဘည်း။ ဧကာဒိကာ၊ တခုအစရှိသော။ သင်္ခါ၊ အရေအတွက် သင်္ချာ

ဤအဏုဝါဒီတို့၏ လောက ဖြစ်ပုံ ပျက်ပုံမှာ အကျဉ်းချုပ်အားဖြင့် အောက်ပါ အတိုင်း ဖြစ်သည်။ ပထဝီ အာပေါ တေဇော ဝါယော -ဟူသော ဤ ဓာတ် လေးပါးတို့၏ အသေးဆုံး မှုန်ကလေးများကို ပရမာဏုမှုန်ဟု ခေါ်သည်၊ ထိုပရမာဏုမှုန် နှစ်ခုအပေါင်းကို ဒွိအဏုကဟု ခေါ်သည်၊ ဤမှုန်နှစ်မျိုးကို မျက်မှောက် မမြင် မသိနိုင်၊ အနုမာနအားဖြင့် မှန်းဆ၍သာ သိနိုင်သည်ဟု ဆို၏၊ ထိုဒွိအဏုက ၃-ခု အပေါင်းကို တိအဏုက-ဟု ခေါ်သည်။ တြသရေဏု ဟူ၍လည်း ခေါ်၏။ ၎င်းကိုကား မျက်မှောက် မြင်သိနိုင်သည်ဟု ဆို၏။ သတ္တဝါတို့၏ ကံအားလျော်စွာ အကောင်းအဆိုးကို ခံစားနိုင်ကြစေရန် မဟေ သွရ-မဟိဿရ ခေါ်သော ကမ္ဘာ့ပိုင်ရှင် ထာဝရဘုရားသခင်က ကမ္ဘာလောက ကြီးကို ဖန်ဆင်းရန် အလိုဆန္ဒဖြစ်သောအခါ သတ္တဝါတို့၏ ကံအားလျော်စွာ ဝါယောဓာတ် ပရမာဏုမှုန်များက စ၍ လှုပ်ရှားလာကြသည်၊၎င်းတို့သည် နှစ်ခု နှစ်ခု ပေါင်းစပ်၍ ဒွိအဏုကဖြစ်လာကြသည်၊ ထိုမှတဖန် တိအဏုကမှုန်များ ဖြစ်လာကြပြီးလျှင် ကြမ်းတမ်းသော ဝါယောဓာတ် မဟာဘုတ်ကြီးများ ဖြစ်လာကြသည်။ ထိုအတူပင် အာပေါပရမာဏုမှုလည်း လှုပ်ရှား၍ ဒွိအဏုက တိအဏုကစသည် အဆင့်ဆင့်ဖြစ်၍ ကြမ်းတမ်းသော အာပေါဓာတ် ဘူတရုပ် ကြီးများ ဖြစ်လာကြသည်။ ထိုနောက် ပထဝီပရမာဏုများက လှုပ်ရှား၍ ဒွိအဏုက တိအဏုက စသည် အဆင့်ဆင့် ဖြစ်ပွါးပြီးလျှင် ကြမ်းတမ်းသော ပထဝီဓာတ် ဘူတရုပ်ကြီးများ ဖြစ်လာကြသည်။ ထိုနောင် တေဇောပရမာ ဏုများက လှုပ်ရှား၍ ဒွိအဏုကစသည် အဆင့်ဆင့်ဖြစ်လျက် ကြမ်းတမ်းသော တေဇောဓာတ် ဘူတရုပ်ကြီးများ ဖြစ်လာကြသည်။ ထိုနောင် လောကကြီး ဖြစ်ပွါးရန် အတွက် ပထဝီနှင့် တေဇော မဟာဘုတ် ပရမာဏုတို့မှ ဗြဟ္မာဏ္ဍ ဟု ခေါ်သော အရာဝတ္ထုဖြစ်ပေါ်လာသည်။ မဟိဿရသည် ဗြဟ္မာအား ထို ဗြဟ္မာဏ္ဍ၌ လောကကို ဖန်ဆင်းစေသည်၊ ထို ဗြဟ္မာသည် ဉာဏ ဝိရာဂျ ဣဿရိယတို့နှင့် ပြည့်စုံသည်အားလျော်စွာ ဗြဟ္မာ နတ် လူ အစရှိသော အမျိုးမျိုးသော သတ္တဝါတို့ကို ဖန်ဆင်းသည်-ဟု ဆို၏။

http://www.dhammadownload.com

သည်။ တံဘာံ၊ထိုထိုနှစ်ခုအစရှိသော ဝတ္ထုကို။ ဥပါဒါယ၊အစွဲပြု၍။ပညတ္တိမတ္တံ၊ အပြားအားဖြင့် သိစေအပ်သော ပညတ်မျှသာတည်း။ တထာ၊ ထိုအတူ။ အဝယဝသမုဒါယော၊ အစိတ်တို့၏ အပေါင်း၌။ ဂုဏဝိသေသဝသေန ဝါ၊ ဂုဏ် အထူး၏ အစွမ်းအားဖြင့်ရင်း။ သဏ္ဌာနဝိသေသဝသေန ဝါ၊ သဏ္ဌာန်အထူး၏ အစွမ်းအားဖြင့်ရင်း။ မဟန္တံ ဒီဃံ ဣတိ၊ ကြီးသည် ရှည်သည် ဟူ၍ရင်း။ တဗ္ဗိပရိယာယတော၊ ထိုကြီးသည် ရှည်သည်မှ ပြန်သောအားဖြင့်။ အဏု- ရဿန္တိ၊ ငယ်သည် တိုသည် ဟူ၍ရင်း။ (ပညတ္တိမတ္တံ-၌ စပ်။) ဘိန္နလက္ခဏ ဒေသေသု၊ ထူးသောလက္ခဏာ ညွှန်ပြကြောင်း ရှိသော ဝတ္ထုတို့၌။ ပုထုတ္တန္တိ၊ အသီးအခြား၏ အဖြစ်ဟူ၍ရင်း။ ဘိန္နဒေသဇာနံ၊ ကွဲပြားသော အရပ်၌ ဖြစ်ကုန်သော ဝတ္ထုတို့၏။ သဟဘာဝေ၊ တပေါင်းတည်း အဖြစ်၌။ သံယော- ဂေါတိ၊ ယှဉ်ဘွဲ့ခြင်း ဟူ၍ရင်း။ တဒပါယေ၊ ထိုကွဲပြားသောအရပ်၌ ဖြစ်သော ဝတ္ထုတို့၏ ဖဲခွါခြင်း၌။ ဝိယောဂေါတိ၊ ကွဲကွာခြင်း ဟူ၍ရင်း။ သမာနဒိသာ- ဒေသဂတာနံ၊ တူသော အရပ်မျက်နှာ အရပ်ဒေသ၌ တည်ကုန်သော[၁]။ ရူပါနံ၊ ရုပ်တို့၏။ မဟာဒပ္ပန္တရာနံ၊ ကြီးသောအကြား ငယ်သောအကြားတို့၏။ ဝါ၊ ကြီးသော အကွာအဝေး ငယ်သောအကွာအဝေးတို့၏။ ဝသေန၊ အစွမ်း အားဖြင့်။ ပရံ အပရန္တိ၊ ဝေးသည် နီးသည်ဟူ၍ရင်း။ ပညတ္တိမတ္တံ၊ ပညတ်မျှ တည်း။ ဗုဒ္ဓိ သုခ ဒုက္ခ ဣစ္ဆာ ဒေါသ ပယတ္တာ၊ သိခြင်း ချမ်းသာခြင်း ဆင်းရဲ ခြင်း အလိုရှိခြင်း ရှုံမုန်းခြင်း အားထုတ်ခြင်းတို့သည်။ နာမမေဝ၊ နာမ်သာ

နောက်ဆုံး ကမ္ဘာပျက်သောအခါ၌ကြီးကုန် ကြီးကုန်သော ပထဝီ အထည် ဝတ္ထု မြူတို့ ကွဲပျက်ကြ၍ ပရမာဏုအဖြစ်သို့ ရောက်ကြသည်၊ ထိုနောင် ကြမ်းတမ်းသော အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ်တို့ အစဉ် အတိုင်း ကွဲပျက်ကြ၍ ပရမာဏုမြူ အဖြစ်သို့ ရောက်ကြသည်။ ထိုပရမာဏုမြူ တို့ကား ဘယ်အခါမျှမပျက် နိစ္စတရားတို့ ဖြစ်သည်။ ကမ္ဘာဖြစ်ချိန်တန်သော အခါ ၎င်းပရမာဏုမြူတို့မှ တဖန် ပေါင်းစပ်၍ ဒွိအဏုက စသည်တို့ ဖြစ်ကြ သည်။ ထို့ကြောင့် ဒွိအဏုက စသည်တို့မှာ အနိစ္စ-မမြဲသောတရား-ဟု ဆိုကြ ၏။ ဤဝါဒကိုပင် ရည်၍ သီလက္ခန် ဋီကာ စသည်တို့၌ "ပရမာဏဝေါ နိစ္စာ မုဝါ၊ ဒွိအဏုကာဒယော အနိစ္စာတိ ဧဝံ ပဝတ္တဝါဒါ သခ်ါရေကစ္စသဿတဝါဒါ သေယျထာပိ ကဏာဒါ"-ဟု မိန့်ဆိုလေသည်။

၁ -- ဤပုဒ်၌ "သမာန ဒိသာ ဒေသ ကာလ ဂတာနံ"ဟု ကာလသဒ္ဒါပါ ပါရှိလျှင် သာ၍ပြည့်စုံ၏။သမာနအစား အသမာန-ရှိသင့်သည်ဟု ထင်၏၊ ဆင်ခြင်ရန်။

http://www.dhammadownload.com

လျှင်တည်း။ ဂုရုဘ္ဘ ဒြဝဘ္ဘ သ္နေဟဝေဂါ၊ လေးသည်၏အဖြစ် အရည်၏အဖြစ် စေးကပ်ခြင်း လျင်သောအဟုန်တို့သည်။ ရူပဓမ္မာနံ၊ ရုပ်ဘရားတို့၏။ ပဝတ္တိဝိသေသဘော၊ ဖြစ်ခြင်းအထူးအားဖြင့်။ ဂဟေတဗ္ဗာကာရာ၊ ယူအပ်သော အခြင်းအရာ ဘို့ဘည်း။ ဣတရော၊ ဤမှတပါးသော။ သင်္ခါရော၊ သင်္ခါရသည်။ ဉာဏဿ၊ ဉာဏ်၏။ ပဝတ္တိဝိသေသော၊ ဖြစ်ခြင်း အထူးဘည်း[၁]။ အဒိဋ္ဌောပိ၊ မမြင်အပ်သော သဘောသည်လည်း။ ဓမ္မာဓမ္မဘာဝတော၊ ဓမ္မ၏ အဖြစ် အဓမ္မ၏ အဖြစ်ကြောင့်။ ဝါ၊ ကုသိုလ်၏အဖြစ် အကုသိုလ်၏ အဖြစ်ကြောင့်[၂]။ နာမမေဝ၊ နာမ်သည်သာလျှင်တည်း။ ဥက္ခေပနံ၊ ပင့်မြှောက်ခြင်း။ အဝက္ခေပနံ၊ ချခြင်း။ အာကုဉ္စနံ၊ တွန့်ခြင်း ရှုံ့ခြင်း။ ပသာရဏံ၊ ဖြန့်ခြင်း ဆန့်ခြင်း။ ဂမနံ၊ သွားခြင်း။ဣဘိ၊ဤအမူငါးပါးသည်။ရူပဓမ္မာနံ၊ ရုပ်တရားတို့၏။ပဝတ္တိမတ္တံ၊ ဖြစ်ခြင်းမျှတည်း။ သဒိသာသဒိသဘာဝ၊ တူသည်၏ အဖြစ် မတူသည်

၁ —သင်္ခါရ ၃-မျိုးတို့တွင် ဘာဝနာသင်္ခါရကို ရည်၍ ဆိုသည်-ဟု မှတ်ရာ၏။ ဝေဂ နှင့် ဋ္ဌိတိဋ္ဌာပကာ သင်္ခါရတို့မှာမူ ရုပ်တို့၏ ဖြစ်ပုံအထူးတို့ ဖြစ်သည်။ ထို ကြောင့်ပင်“ဂုရုတ္တ ဒြဝတ္တ သ္နေဟဝေဂါ ရူပဓမ္မာနံ ပဝတ္တိဝိသေသတော ဂဟေတဗ္ဗာကာရာ”ဟု ဆိုခဲ့ပေသည်။

၂—ရူပ ရသ ဂန္ဓ ဖဿ သင်္ချာ ပရိမာဏ ပုထုတ္တ သံယောဂ ဝိဘာဂ ပရတ္တာပရတ္တ ဗုဒ္ဓိ သုခ ဒုက္ခိစ္ဆာ ဒေါသပယတ္တာ စ ကဏ္ဍဝုတ္တာ သတ္တရသ, စသဒ္ဒသမုစ္စိတာ ဂုရုတ္တ ဒြဝတ္တ သ္နေဟ သင်္ခါရာဒိဋ္ဌသဒ္ဒါ သတ္တေဝေတျေဝံ စတုဝီသတိ ဂုဏာ-ဟူသော သမ္ဗဒ္ဓဿနသင်္ဂဟ (၂၁၉)ကို ၎င်း၏ အဖွင့်၌ အောက်ပါအတိုင်း ဖွင့်ပြ၏။

ရူပ ရသ ဂန္ဓ ဖဿာ သင်္ချာ ပရိမာဏာနိ ပုထုတ္တံ သံယောဂ ဝိဘာဂါ ပရတ္တာပရတ္တာ ဗုဒ္ဓိယော သုခ ဒုက္ခာနိ ဣစ္ဆာ ဒေါသာ ပယတ္တာ စ ဂုဏာ (က-သူ ၁-၁-၆) ဣတိ သုတ္တေ ကဏာဒေန ဝုတ္တာ၊ တတြေဝ သုတ္တေ အနုတ္တသမုစ္စယတ္ထကေန စကာရေန ဂဟိတာ ဂုရုတ္တာဒယော သတ္တေတျေဝံ စတုဝီသတိ ဂုဏာ၊ အဒိဋ္ဌသဒ္ဒေန ဓမ္မာဓမ္မာနံ ဒွိန္နံ ဂဟဏံ-ဤကား အဖွင့်။

ဤသို့ကဏာဒဝါဒီတို့က အဒိဋ္ဌဖြင့် ဓမ္မနှင့် အဓမ္မကို ယူကြသောကြောင့် ဓမ္မာဓမ္မဘာဝတော-ဟု မိန့်ဆိုလေသည်။ ထိုပြင် အဒိဋ္ဌကို မခွဲပဲယူလျှင် ဂုဏ် ၂၃-မျိုးသာ ရသောကြောင့် ဂုဏ်သရုပ်ကို ရေတွက်ဖော်ပြရာ၌ တေဝီသတိ-ဟု ဆိုခဲ့ပေသည်။ထိုပြင် ယခုထုတ်ပြအပ်သော သမ္ဗဒ္ဓဿနသင်္ဂဟကျမ်းစကားထဲ၌ သ္နေဟနှင့်သင်္ခါရတို့၏အကြားမှာ“ဝေဂ”မပါသောကြောင့် ဤမဟာဋီကာ ပါဌ်၌လည်း“ဝေဂ”မပါသော သီဟိုဠ်မူသာ ယုတ္တတရဖြစ်ကြောင်းထင်ရှား၏။

http://www.dhammadownload.com

၏ အဖြစ်၌။ သာမညဝိသေသသညာ၊ သာမညအမည် ဝိသေသအမည်သည်[၁]။ (ဟောတိ၊ ၏။) အယုတ္တ သမ္ဗန္ဓေ၊ မယှဉ်မှု၍ပြီးသောစပ်ယှဉ်ခြင်း၌[၂]။ သမဝါ-ယသမညာ၊ သမဝါယဟူသော အမည်သည်။ (ဟောတိ၊ ၏။) ဣတိ၊ ဤသို့ ဖြစ်သောကြောင့်။ ဒြဗျာဒိနမ္ပိ၊ ဒြဗျ အစရှိသည်တို့၏လည်း။ နာမရူပန္တော-ဂဓတာ၊ နာမ်ရုပ်တို့၌ အတွင်းဝင်သည်၏ အဖြစ်ကို[၃]။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။

၁—ဝိသေသ ဟူသည်မှာ သာမညမှ ပြောင်းပြန်ဖြစ်၍ နွားဟူသော သာမညမှ ဖြူသော နွားဟု ဆိုလျှင် ဝိသေသဟု ယူသင့်သော်လည်း ဤဝိသေသိကဝါဒီတို့က မူကား ထိုသို့သော အထူးကို ဝိသေသဟု မယူကြကုန်။ ၎င်းတို့၏ ဝါဒအရ အမြဲတမ်း ထာဝရလည်း တည်နေသော အစိတ်အပိုင်းလည်းမရှိသော အရာဝတ္ထုမျိုးကိုသာလျှင် ဝိသေသ ဟု ယူကြ၏။ ပုံစံကား....ကာလ အာကာသ အရပ်မျက်နှာ မန အတ္တနှင့် ပထဝီပရမာဏုမြူ အာပေါ တေဇော ဝါယော တို့၏ ပရမာဏုမြူ-ဤ အရာ ဝတ္ထုတို့ကိုသာလျှင် ဝိသေသဟု ဆိုကြ၏။ မန အတ္တတို့မှာ အစိတ်အပိုင်း မရှိသောကြောင့် တဦး၏ မနနှင့် အခြားတဦး၏ မန၊ တဦး၏အတ္တ နှင့် အခြားတဦး၏ အတ္တတို့ကို မည်သို့ ထူးခြားသည်ဟု အစိတ်အပိုင်းအားဖြင့် မခွဲခြားနိုင်၊ ထိုသို့ခွဲခြားရန် အစိတ်အပိုင်းပင် မရှိချေ၊ သို့သော် တဦးတဦးလျှင် မန တခုစီ အတ္တ တခုစီဖြစ်လျက် ကွဲပြားထူးခြား နေသည်မှာ ထင်ရှား၏၊ ထိုအတူ ပထဝီပရမာဏုမြူမှုန့်တခုနှင့် အခြား ပထဝီပရမာဏု မြူမှုန့် တခုသည် အစိတ်အပိုင်းအားဖြင့် မခွဲခြားနိုင်၊ သို့သော် အသီးသီး ကွဲပြားထူးခြားနေသည်မှာ ထင်ရှား၏။ ဤသို့ အစိတ်အပိုင်းခွဲ၍ မရနိုင်သော အရာဝတ္ထုတို့၏ အသီးအသီး ကွဲပြားထူးခြားခြင်းကို ဝိသေသ-ဟုဆိုလို၏။ အစိတ်အပိုင်းခွဲ၍ ရနိုင်သော အိုး၊ ကုလားထိုင်၊ စားပွဲခုံ၊ နွား စသည်တို့၏ ကွဲပြားထူးခြားခြင်းကိုကား ဤအရာ၌ ဝိသေသ-ဟု မဆိုလို ဟူ၏၊ ထူးဆန်းသော ဝါဒ ဖြစ်သည်။

၂—ကဏာဒဝါဒကျမ်းတို့၌ အယုတသိဒ္ဓ-ဟု ရှိသောကြောင့် ဤ၌ အယုတ္တသမ္ဗန္ဓေ-ဟု ဆိုသည်။ ယုက-ပုဒ်မှာ သက္ကတ၌ သံယုတ်မရှိသော်လည်း ပါဠိ၌ သံယုတ်ရှိသည်သာများ၏။ ထို့ကြောင့် ဋီကာပါဠ်၌ တ-သံယုတ်မှာ အသင့်ပင်။ ဒြဗ် ဝတ္ထုနှစ်ခု ယှဉ်တွဲရခြင်း မရှိပဲ တပေါင်းတည်း ဖြစ်မှု အလိုလိုပြီးနေသော စပ်ခြင်းဟု ဆိုလို၏။

၃—ဤဝါဒ၌ ဆိုထားသော တတ္တတို့တွင် ပညတ်မျှ ဖြစ်သော အချို့အနည်းငယ်သည် နာမ်ရုပ်၌ အတွင်းမဝင်သော်လည်း အများအားဖြင့်၎င်း ပဓာန တတ္တ အလိုအားဖြင့်၎င်း နာမ်ရုပ်တို့၌ အတွင်းဝင်သည်သာ ဖြစ်သောကြောင့် ယေဘုယျ ပဓာနအားဖြင့် နာမရူပန္တောဂဓတာ-ဟု ဆိုသည်ဖြစ်ရာ၏။

http://www.dhammadownload.com

ဇီဝါဇီဝံ ဗန္ဓံ ပုညံ ပါပါသဝံ သံဝရံ နိဇ္ဇရံ မောက္ခံ၊ အသက်ကောင် အသက်ကောင်မဟုတ်သောအရာ ဖွဲ့ခြင်း ကောင်းမှု မကောင်းမှု ဝင်ရောက်ခြင်း ပိတ်ဆို့ခြင်း ကြေပျက်စေ-ကုန်စေခြင်း လွတ်မြောက်ခြင်းတို့သည်။ ဇီဝါဒိကာ၊ ဇီဝအစရှိသော တတ္တတို့ မည်ကုန်၏ [၁]။ တတ္ထ၊ ထိုဇီဝ အစရှိသည်

၁—ဤဇီဝါဒိဝါဒသည် မြတ်စွာဘုရား၏ လက်ထက်တော် ကာလက နိဂဏ္ဌနာတပုတ္တ-ဟု ထင်ရှားသော ဆရာကြီး၏ ဝါဒဖြစ်သည်။ ၎င်းက ဇိန-ဟူသောအမည်ကို ခံယူသောကြောင့် သူ၏ဝါဒကိုရင်း, သူ၏တပည့်တို့ကိုရင်း, သက္ကတဘာသာဖြင့် ဇဲန (ဂျိုက်န) ဟု ခေါ်၏။ မြန်မာတို့က ဂျိမ်းဝါဒ, ဂျိန်းဘာသာ, ဂျိန်းဘာသာဝင်ဟူ၍ ခေါ်ကြ၏။ သဗ္ဗဒဿနသင်္ဂဟ ကျမ်း၌ ဤဂျိန်းဝါဒကို အရဟတ် ဒဿန ဟု ခေါ်၍ အောက်ပါအတိုင်း သုတ်တို့ဖြင့် အကျဉ်း ချုပ်ပြထား၏။

အတြ သံခေပတော တာဝ ဇီဝါဇီဝါချာနိ ဒွေ တတ္တာနိ သိယုံ၊ တတြ ဗောဓနတ္တကော (သိတတ်သော သဘောရှိသောအရာသည်) ဇီဝေါ၊အဗောဓနတ္တကော တု အဇီဝေါ။ (သဗ္ဗ ၆၇)

အပရေ ပုန ဇီဝါဇီဝါနံ အပရံ ပပဥ္စမာစက္ခတေ ဇီဝါကာသဓမ္မာဓမ္မပုဂ္ဂလ အတ္ထိကာယ ဘေဒတော(ဇီဝ အာကာသ ဓမ္မ အဓမ္မ ပုဂ္ဂလဟူသော ရှိသော ကာယ အပြားအားဖြင့်)။ (သဗ္ဗ ၆၉)

ကေစန သတ္တ တတ္တာနီတိ ဝဏ္ဏယန္တိ၊ တဒါဟ-ဇီဝါဇီဝါသဝ ဗန္ဓ သံဝရ နိဇ္ဇရ မောက္ခာ တတ္တာနိ။ (သဗ္ဗ ၇၃)

ဇီဝါဇီဝါ ပုညံ ပါပယုတာ အာသဝေါ သံဝရော နိဇ္ဇရဏံ ဗန္ဓော မောက္ခဥ္စ နဝ တတ္တာနိ (၈၂)

ဤသို့ ဂျိမ်းကျမ်းတို့၌ အမျိုးမျိုး အထွေထွေ ပြထားရာတွင် အပြည့်အစုံဆုံးဖြစ်သော နောက်ဆုံးပြချက်ကို ယူ၍ ဤဋီကာ၌ ဖော်ပြထားသည်။

ထိုပြင် ဂျိန်းဝါဒ၌ ဇီဝတို့ကိုလည်း သံသာရီ-ကျင်လည်ခြင်းရှိသူများ၊ မုတ္တ-လွတ်မြောက်သူများဟူ၍ နှစ်မျိုးခွဲပြ၏။ ထိုတွင် တဘဝမှ တဘဝသို့ ရောက်ခြင်းရှိသော ဇီဝတို့သည် သံသာရီ-ကျင်လည်ခြင်းရှိသူတို့ မည်ကုန်၏၊ ၎င်းတို့ကိုလည်း သမနက-စိတ်ရှိသူများ၊ အမနက-စိတ်မရှိသူများ ဟူ၍ နှစ်မျိုးခွဲပြ၏။ ထိုတွင် သူတပါးတို့ကသင်ပြသော နည်းဥပဒေသကိုရင်း သူတပါးတို့၏ ပြုလုပ်ပုံ ပြောဆိုပုံတို့ကိုရင်း မှတ်ယူတတ်သည့် သညာရှိသော သူတို့သည် သမနက-စိတ်ရှိသူတို့ မည်ကုန်၏၊ ၎င်းတို့မှာ နတ် ဂန္ဓဗ္ဗ လူနှင့် ဆင် မြင်း စသော အချို့သော သားတိရစ္ဆာန်များ၊ ကြက်တူရွေးစသော အချို့သော ငှက်များဖြစ်သည်။ ၎င်းတို့မှာ ပဉ္စိန္ဒြိယ-ဣန္ဒြေငါးပါးရှိသော ဇီဝတို့ ဖြစ်သည်။

http://www.dhammadownload.com

တို့တွင်။ ဇီဝေါတိ၊ ဇီဝဟူသည်ကား။ အတ္တာ၊ အတ္တကောင်တည်း။ ပုဂ္ဂလ-ဓမ္မာ ဓမ္မာကာသ ကာလေသု၊ ပုဂ္ဂလ ဓမ္မ အဓမ္မ အာကာသ ကာလတို့၌။ အဇီဝသညာ၊ ဇီဝ မဟုတ်ဟူသော အမည်သည်။ (ဟောတိ၊ ၏။) တေသု၊ ထို ပုဂ္ဂလ ဓမ္မစသည်တို့ဘွင်။ သဒ္ဒ ဖဿ ရူပ ရသ ဂန္ဓ သဏ္ဌာန ဗန္ဓ ဘေဒ သုခုမ (ပရ အပရာဿာဘ) ပဘာစ္ဆာယေဝာဇ္ဇောတ တမာနိ၊ အသံ အတွေ့ အဆင်း အရသာ အနံ့ သဏ္ဌာန် ဖွဲ့တွယ်ခြင်း ကွဲပြားခြင်း သိမ်မွေ့ခြင်း (တပါး-တပါး မဟုတ် ထိပါးခြင်း) အရောင် အရိပ် အလင်း အမှောင်တို့သည် ၁။ ပုဂ္ဂလ

ပြခဲ့ပြီးသော သညာနှင့်မပြည့်စုံသော သတ္တဝါတို့သည် အမနက-စိတ်မရှိသော သူတို့မည်ကုန်၏။ ၎င်းတို့မှာ တသ-လှုပ်ရှားတတ်သောသတ္တဝါ၊ ထာဝရ-မလှုပ်ရှားတတ်သော သတ္တဝါဟူ၍ နှစ်မျိုးကွဲပြားကုန်၏။ ထိုတွင် မြေ ရေ မီးလေ နှင့် သစ်ပင်တို့သည် ထာဝရမည်ကုန်၏။ ၎င်းတို့မှာတွေ့ထိနိုင်သော ကာယိန္ဒြေ တခုတည်းသာရှိ၍ ဧကိန္ဒြိယဇီဝလည်း မည်ကုန်၏။ တသ-လှုပ်ရှားတတ်သော သတ္တဝါတို့မှာ ဒွိန္ဒြိယ တိဝိန္ဒြိယ စတုရိန္ဒြိယ ပဉ္စိန္ဒြိယ သတ္တဝါ ဟူ၍ လေးမျိုး ကွဲပြားကုန်၏ ထိုတွင် ခရု ကနုကမာကောင် စသည်တို့သည် ကာယနှင့် ဇိဝှါဟူသော ဣန္ဒြေ နှစ်ပါးသာရှိသောကြောင့် ဒွိန္ဒြိယမည်ကုန်၏။ ပိပီလိကာ ခေါ် ပရွက်ဆိတ် (နက်ကြီး) သန်းစသော သတ္တဝါတို့သည် ကာယ ဇိဝှါ ဃာန ဟူသော ဣန္ဒြေ သုံးခု ရှိသောကြောင့် တိဝိန္ဒြိယ မည်ကုန်၏။ မှက် ခြင် ပိတုန်းကောင်စသည်တို့သည် ကာယ ဇိဝှါ ဃာန စက္ခု ဟူသော ဣန္ဒြေ လေးခုရှိသောကြောင့် စတုရိန္ဒြိယ မည်ကုန်၏။ လူ သားတိရစ္ဆာန်နှင့် ငှက် စသည်တို့သည် ကာယ ဇိဝှါ ဃာန စက္ခု သောတ-ဟူသော ဣန္ဒြေ ငါးခုလုံး ရှိသောကြောင့် ပဉ္စိန္ဒြိယ မည်ကုန်၏ဟု-ဂျိန်းကျမ်းတို့၌ဆို၏။

၁—(ပရအပရာဿာတ)အရာ၌ သီဟိုဠ်မူတွင် ပါဒရာပရာဿာရ-ဟု ရှိ၏၊ အနက်ပြန်ရန်ပင် မလွယ်လှ။ အထက်၌ ပြန်ထားသော အနက်မှာလည်း ဂျိန်းဝါဒ အဆိုတို့နှင့် မညီ၍ သင့်မည်မဟုတ်၊ ပါဠိရှိတိုင်း ပြန်ဆိုချက်မျှသာတည်း။ အမှန်ရှိသင့်သည်မှာ ဖရုသ ဂါရဝ လာဃဝ-ဟု ရှိသင့်၏။ ကြမ်းတမ်းခြင်း လေးခြင်း ပေါ့ခြင်း-ဟု ပြန်ဆိုအပ်၏။ မှန်ပေ၏၊ ဂျိန်းဝါဒဆိုင်ရာ ကျမ်းတို့၌ ပုဂ္ဂလခေါ် ရုပ်ကို အောက်ပါအတိုင်း ဖော်ပြထား၏။

ဖဿ ရသ ဂန္ဓ ဝဏ္ဏ ဝန္တာ ပုဂ္ဂလာ၊ တေ စ ဒုဝိဓာ အဏဝေါ ခန္ဓာစ၊ ဘောတ္တုမသက္ကုဏေယျာ အဏဝေါ၊ ဒွိအဏုကာဒယော ခန္ဓာ။ (သဗ္ဗဒဿန သင်္ဂဟ ၇၁)

တတြ ဖဿော အဋ္ဌဝိဓော ကဌိနော မုဒု ဂုရု လဃု သီတံ ဥဏှံ သိနိဒ္ဓေါ လူခေါ ဣတိ (၎င်း၏ အဖွင့်)

http://www.dhammadownload.com

လက္ခဏံ၊ ပုဂ္ဂလ၏ လက္ခဏာဘည်း။ဣတိ၊ ထို့ကြောင့်။ပုဂ္ဂလော၊ ပုဂ္ဂလသည်။ ရူပဓမ္မာနံ၊ ရုပ်တရားတို့၏။ ပဝတ္တိ အာကာရမတ္တတော၊ဖြစ်သော အခြင်းအရာ မျှဖြစ်သောကြောင့်။ ရူပံ၊ ရုပ်တည်း ၁။ ဓမ္မာဓမ္မာ၊ ဓမ္မနှင့် အဓမ္မတို့သည်။ ဇီဝပုဂ္ဂလာနံ၊ ဇီဝဟုခေါ်သော အတ္တနှင့် ပုဂ္ဂလဟု ခေါ်သော ရုပ်တရားတို့၏။

အထက်ပါ ကျမ်းအဆိုတို့တွင် "ဘောတ္တံ အသက္ကုဏေယျာ၊ သုံးစွဲခြင်းငှါ မစွမ်းနိုင်ကောင်းသော အသီးအသီးသော မြူတို့သည်။ အဏဝေါ၊ ပရမာဏု မည်ကုန်၏။ ဒွိအဏုကာဒယော၊ ဒွိအဏုက စသော မြူအပေါင်း အစုတို့သည်။ ခန္ဓာ၊ အပေါင်းအစု မည်ကုန်၏"ဟူသော ပြဆိုချက်အရ ဤဋီကာ၌ ဗန္ဓ-ဘေဒ-ဟု ပြဆိုသည်။ ဝဏ္ဏ-ဟူသော ပုဒ်အရ သဏ္ဌာန-ပဘာ-စသော ဝဏ္ဏ အထူးတို့ကို ပြဆိုသည်။ ဖဿ-ဟူသော ပုဒ်အရ သုခုမ ဟူ၍ ဖဿ အထူးကို ပြဆိုထားသဖြင့် ထို၏ ဆန့်ကျင်ဘက် ကဌိန-လူခ ဟူသော ဖဿ အထူးတို့ကိုလည်း ပြခဲ့သည်သာ ဖြစ်ရာ၏။ ၎င်းမှာ ဖရုသ-ဟု ဖြစ်သင့်၍ ယခု လက်ရှိ ဋီကာစာပေတို့၌ ပရုအ-ဟူ၍၎င်း ပါဒရာ-ဟူ၍၎င်း ပျက်နေသည် ဖြစ်ရာ၏။ ထိုပြင် ဂုရု လဃုတို့၏အရ ဂါရဝ လာဃဝတို့မှ ပရာဃာတဟူ၍ ၎င်း ပရာဃာရဟူ၍၎င်း ပျက်နေသည် ဖြစ်ရာ၏။ သိတဉဏှတို့ကိုကား ဖဿ ဟူသော ပုဒ်ဖြင့်ပင် သိနိုင်သောကြောင့် ခြွင်းချန်ထားသည် ဖြစ်ရာ၏။ထိုပြင် ဂျိန်းဝါဒ၌ ဤအရာတွင် ခန္ဓနှင့်သံဃာတဟူသော ဝေါဟာရများသာ ရှိသော ကြောင့် ဤဋီကာ၌လည်း ဗန္ဓဘေဒ- ဟူရာတွင် မူလက ခန္ဓဘေဒ-ဟု ရေးခဲ့ဟန် တူ၏၊ သို့သော် ပါဠိကျမ်းဂန်တို့၌ ထိုသို့သော အရာတွင် ခန္ဓ-ပုဒ် အသုံး မထင် ရှားသောကြောင့်၎င်း သီဟိုဠ်အက္ခရာ၌ ခ-နှင့် ဗ-တို့သည် ဆင်တူ ရိုးမှား ရှိသောကြောင့်၎င်း ဘေဒ၏ ဆန့်ကျင်ဘက် ဗန္ဓသာလျှင် ထင်ရှားသော ကြောင့်၎င်း ခ-မှ ဗ-သို့ ပြောင်းလဲလာဟန် ရှိ၏။

ဂျိန်းကျမ်းရင်းတို့၌၎င်း အိန္ဒိယ ဖိလော်ဆော်ဖီ ခေါ်သော ကျမ်းစာအုပ်၌ ၎င်း အတွေ့ အရသာ အနံ့ အဆင်း ဤရုပ် ၄-မျိုးကိုသာလျှင် အရင်းခံရုပ်-ဟု ပြ၍ အသံ အအေး အပူ အရိပ် အလင်း အမှောင် ပေါင်းစပ်ခြင်း ကွဲကွာခြင်း သိမ်မွေ့ နူးညံ့ခြင်း ကြမ်းတမ်းခြင်း ပုံသဏ္ဌာန်စသည်တို့မှာမူ အကြောင်း တိုက်ဆိုင်သည် အားလျော်စွာ နောက်မှ ဖြစ်ပေါ်လာသော ရုပ်များဖြစ်သည် ဟု ဆို၏။

၁—ဒွိအဏုကာဒိက္ခန္ဓဘေဒါ အဏ္ဍဝါဒိ ဥပ္ပဇ္ဇတေ၊ အဏ္ဍဝါဒိသံဃာတာ ဒွိအဏု-ကာဒိ ဥပ္ပဇ္ဇတေ၊ ကွစိ ဘေဒ-သံဃာတေဟိ ခန္ဓုပ္ပတ္တိ၊ တတောဝေ ပူရယန္တိ ဂလယန္တီတိ ပုဂ္ဂလာ။ (သဗ္ဗ ၇၂)

http://www.dhammadownload.com

ဂဘိဋ္ဌိတိမတ္တတာယ၊ သွားခြင်း (လှုပ်ရှားခြင်း) တည်ငြိမ်ခြင်းမျှ၏အဖြစ်ကြောင့်[၁]။ [၃၆၁] တဒဝိသိဋ္ဌာ၊ ထို ဇီဝနှင့် ပုဂ္ဂလတို့မှ မထူးခြားသောသဘောတရားတို့တည်း။အာကာသကာသာ၊အာကာသနှင့် ကာလတို့သည်။ ပညတ္တိမတ္တံ၊ ပညတ်မျှသာတည်း။ ဗန္ဓော၊ ဖွဲ့ခြင်းဟူသည်။ ကမ္မပုဂ္ဂလန္တရသံယောဂေ၊ ကံဖြစ်နိုင်သော ပုဂ္ဂလခေါ် ရုပ်တရားတို့၏ အတွင်း၌ စပ်ယှဉ်

တတြ ဒွိအဏုကာဒိက္ခန္ဓဝိဒါရဏေန ပုဂ္ဂလာနံ (ရုပ်တို့၏) အဏုပရိဏာမော ဇာယတေ၊ အဏ္ဍာဒီနံ မိထု သံယောဂါ စ ပုဂ္ဂလာနံ ခန္ဓပရိဏာမော ဇာယတေ။ ဘေဒေါ ဝိဒါရဏံ။ ပုထုဘူတာနံ ဧကတြ သံဟနနံ သံဃာတော။ ကွစိတိ ယထာ တိအဏုကာဒိ ဝိဒါရဏာ အဏူနံ သံဃာတာ စ ဒွိအဏုကာဒိပရိဏာမော ဇာယတေ။ (ရင်းအဖွင့်။ ကွစိစသော အဖွင့်၌ ဆိုလိုသည်မှာ တိအဏုကနှင့် ထိုထက်ကြီးသော အဏု အပေါင်းတို့ ကွဲသွားခြင်းကြောင့်လည်း ဒွိအဏုက တိအဏုကစသော ခန္ဓသည် ဖြစ်၏၊ အသီးအသီးသော အဏုမှုန့်တို့၏ ပေါင်းစပ်ခြင်းကြောင့်လည်း ဒွိအဏုက စသော ခန္ဓသည် ဖြစ်၏၊ ထိုကြောင့် သဗ္ဗဒဿနသင်္ဂဟ စာကိုယ်၌ ကွစိ ဘေဒသံဃာတေဟိ ခန္ဓုပ္ပတ္တိ-အချို့အရာ၌ ကွဲကွာခြင်း ပေါင်းစပ်ခြင်းတို့ကြောင့် ဒွိအဏုကစသော အပေါင်းခန္ဓဖြစ်သည်ဟု- ဆိုသည်ဟူ၍- ဆိုလို၏။)

အထက်ပါစကားရပ်တို့ဖြင့် အသီးအသီးသော အဏုမှုန့်တို့၏ရင်း ဒွိအဏုကစသည်တို့၏ရင်း ပေါင်းစပ်ခြင်းအားဖြင့် ရုပ်တို့သည် ကြီးထွားလျက် ပြည့်စေတတ်သောကြောင့်ရင်း၊ ဒွိအဏုက တိအဏုကစသော အပေါင်းအစုတို့၏ ကွဲကွာခြင်းဖြင့် သေးငယ်လျက် လျော့ကျတတ်သောကြောင့်ရင်း ပုဂ္ဂလမည်သည်ဟု သိစေ၏။

၁—ဓမ္မာဓမ္မာကာသကာလာနံ ယထာသမ္ဘဝံ ဂတိဋ္ဌိတိအဝဂါဟဝတ္တနာဟေတုတ္တာဒိသာမညာနိ ဂုဏာ။ (သဗ္ဗ ၇၂)

ဂတိဟေတုတ္တံ ဓမ္မဿ ဂုဏော၊ ဌိတိဟေတုတ္တံ အဓမ္မဿ ဂုဏော၊ အဝဂါဟဟေတုတ္တံ အာကာသဿ ဂုဏော၊ ဝတ္တနာဟေတုတ္တံ ကာလဿ ဂုဏော။ (ရင်း၏ အဖွင့်)

အထက်ပါအတိုင်း ပြဆိုကြသောကြောင့် ဓမ္မ အဓမ္မ-ဟူသည်မှာ ဤဂျိန်းဝါဒ၌ လှုပ်ရှားခြင်းနှင့် တည်ငြိမ်ခြင်းကို ဆိုလိုသည်။ ထို့ကြောင့် ဋီကာ၌ ဂတိဋ္ဌိတိမတ္တတာယ-ဟု မိန့်ဆိုလေသည်။

http://www.dhammadownload.com

ခြင်းတည်း [၁]။ ဣတိ၊ သို့။ ဝစနတော၊ ဆိုသောကြောင့်။ တေဟိ၊ ကံနှင့် ပုဂ္ဂလမည်သောထိုရုပ်တို့မှ။ အနညော၊ တခြား တပါးမဟုတ်သော တရားတည်း။ ပုညပါပါနိ၊ ကောင်းမှု မကောင်းမှုတို့သည်။ နာမံ၊ နာမ်မည်၏။ ဣတိ၊ ဤသို့။ ပါကဋမေဝ၊ ထင်ရှားသည်သာလျှင်တည်း။ ကမ္မပုဂ္ဂလာဂမနံ၊ ကမ္မပုဂ္ဂလတို့၏ လာရောက်ခြင်းသည်။ ဝါ၊ ကံဖြစ်နိုင်သော ရုပ်ဘို့၏ လာ

၁—မိစ္ဆာဒဿန-အဝိရတိ-ပမာဒ-ကသာယဝသာ (ကသာယတို့၏ အစွမ်းကြောင့်ရင်း)ယောဂဝသာ စ သုခုမေကစ္ဆေတ္တာဝဂါဟီနံ(သိမ်မွေ့ကုန်သော တခုသောကိုယ်၌ဝင်တတ်ကုန်သော)ပုဂ္ဂလာနံ ကမ္မဗန္ဓ(ကမ္မဘာဝ-?) ယောဂျာနံ အာဒါနံ ဥပသိလေသနံ ယံ ကရောတိ သ ဗန္ဓော၊ တံ ဝုတ္တံ-“သကသာယတ္တာ ဇီဝေါ ကမ္မဘာဝယောဂျေ ပုဂ္ဂလေ အာဒတ္တေ သ ဗန္ဓော” ဣတိ။ (သဗ္ဗ ၇၅)

ထိုကျမ်း၏ အဖွင့်၌—မိစ္ဆာဒဿနာဒိဟိ ဟေတူဟိ သုခုမာနံ ကေသိံ သရီရေ ပဝိသန္တာနံ အနန္တာဝယဝါနံ ပုဂ္ဂလာနံ အဏုဒွိအဏုကာဒီနံ ကမ္မရူပေန ပရိဏာမယောဂျာနံ ဥပသိလေသနံ အဝိဘာဂေန သမ္ဗန္ဓံ ကရောတိ၊ အယမေဝ ဗန္ဓော ဣတိ ဝုစ္စတေ-ဤသို့ စသည်ဖြင့် ပြဆိုထားသောကြောင့်ရင်း၊ ထိုအဖွင့်၌ပင်လျှင် အတ္တကမ္မာနံ အညောညာဝယဝါနုပဝေသော ဗန္ဓောဟု ဆိုသောကြောင့်ရင်း “ကမ္မပုဂ္ဂလတ္တာသံယောဂေါ၊ ကံဖြစ်နိုင်သော ပုဂ္ဂလခေါ် ရုပ်တို့၏ အတ္တနှင့် ယှဉ်ခြင်းတည်း”ဟု ရှိသင့်၏။

ဂျိန်းဝါဒအရ ဇီဝ အဇီဝစသည်တို့ကို မယုံကြည်ခြင်းသည် မိစ္ဆာဒဿန မည်၏။ ခေါ်တက်လေးပါးနှင့် ထာဝရရုပ် ဇင်္ဂမရုပ်ဟူသော ရုပ်ခြောက်မျိုးကို မစွဲယူခြင်းနှင့် ဣန္ဒြေခြောက်ပါးကို စောင့်ရှောက်ခြင်းသည် ဝိရတိ-ကြဉ်ရှောင်ခြင်းမည်၏။ ထိုမှ အပြန်အားဖြင့် မကြဉ်ရှောင်ခြင်းသည် အဝိရတိမည်၏။ သမိတိငါးပါး ဂုတ္တိသုံးပါးတို့၌ အားမထုတ်ခြင်းသည် ပမာဒ-မေ့လျော့ခြင်းမည်၏။ ကောဓ မာန မာယာ လောဘတို့သည် ကသာယ-စွဲကပ်သော ဖန်ရည် တရားမည်၏။ ထိုမိစ္ဆာဒဿနစသည်ဘို့၏ အစွမ်းကြောင့်ရင်း ယှဉ်ခြင်း အထူးကြောင့်ရင်း တခုသော ကိုယ်၌ ဝင်လာကုန်သော သိမ်မွေ့ကုန်သော ကံအဖြစ်သို့ ပြောင်းလဲသွားနိုင်ကုန်သော အဏုမြူ ဒွိအဏုကစသော ရုပ်တို့ကို အတ္တကလက်ခံလျှင် ဗန္ဓ-ဖွဲ့တွယ်အပ်သည် မည်၏။တနည်း အတ္တနှင့် ကံတို့အချင်းချင်း အစိတ်အပိုင်းတို့၌ ဝင်ခြင်းသည် ဗန္ဓ မည်၏။ ရုပ်တို့က ကံအဖြစ်သို့ ပြောင်းလဲပုံမှာ အိုးခွက်အထူး၌ ထည့်ထားသော အမျိုးမျိုးသောအရသာရှိသော အစေ့ ပန်း အသီးတို့၏ သေရည် အဖြစ်သို့ ပြောင်းလဲသွားပုံနှင့်တူသည်ဟူ၍ ထိုသဗ္ဗဒဿနသင်္ဂဟ၏ အဖွင့်၌ ဆိုံ၏။

http://www.dhammadownload.com

ရောက်ခြင်းသည် [၁]။ အာသဝေါ၊ အာသဝမည်၏။ ဣတိ၊ သို့။ ဝစနတော၊ ဆိုသောကြောင့်။ ပုညာပုညသမ္ဘဝေ၊ကောင်းမှုနှင့် မကောင်းမှုတို့၏ ဖြစ်ခြင်း၌။ အာသဝသမညာ၊ အာသဝဟူသော အမည်သည်။ (ဟောတိ၊ ၏။) ဣတိ၊ ကြောင့်။ အာသဝေါ၊ အာသဝသည်။ တတော၊ ထို ကောင်းမှု မကောင်းမှု တို့မှ။ အဝိသိဋ္ဌော၊ မထူးခြားသည်။ (ဟောတိ၊ ၏။) အာသဝနိရောဓော၊ အာသဝ၏ ချုပ်ခြင်းသည်။ သံဝရော၊ သံဝရ မည်၏။ ဣတိ၊ သို့။ ဝစနတော၊ ဆိုသောကြောင့်။ ပဋိပက္ခေန၊ ဆန့်ကျင်ဘက်ဖြင့်။ ပုညာပုညနိရောဓော၊ ကောင်းမှု မကောင်းမှုတို့၏ ချုပ်ခြင်းသည်။ သံဝရော၊ သံဝရ မည်၏ [၂]။

၁—ဩဠာရိကာဒိကာယာဒိစလနဒွါရေန အတ္တနော စလနံ ယောဂပဒဝေဒနီယံ အာသဝေါ။ (သဗ္ဗ ၇၄) ဩဠာရိကကိုယ် ဝိကြိယကကိုယ် အာဟာရကကိုယ် တေဇသိကကိုယ် ကမ္မဇကိုယ်ဟူသော ငါးပါးသော ကိုယ်နှင့် နှုတ် စိတ်တို့၏ လှုပ်ရှားခြင်းကို အကြောင်းပြုသဖြင့် အတ္တ၏ လှုပ်ရှားခြင်းဟူသော ကာယ-ဝစီ မနော ယောဂဖြင့် သိအပ်သော အရာသည် အာသဝမည်၏-ဟု ဆိုလို၏။

ထို၏ အဖွင့်၌—သုဘာသုဘကမ္မာဂမဒွါရံ (ကုသိုလ် အကုသိုလ်ကံ၏ လာခြင်းအကြောင်းသည်) အာသဝေါ (အာသဝမည်၏)-ဟု အကျဉ်းချုပ် ပြဆိုထား၏။

အာသဝနိရောဓော သံဝရော၊ ယေန အတ္တနိ ပဝိသကမ္မံ ပတိသိဇ္ဈတေ (ပတိသေဓိယတေ)၊ သ ဂုတ္တိသမိတိအာဒိ သံဝရော။ (သဗ္ဗ ၇၈)။ အာသဝေါ အတ္တနော (အတ္တ၏) စလနံ-ဣဒမေဝ ယောဂပဒေန ဝုစ္စတေ။ တဿ နိရောဓေ ဟိ ကမ္မပုဂ္ဂလာနံ အတ္တနိ ပဝေသော န သမ္ဘဝတိ။ (၎င်း၏ အဖွင့်)။ ဤသို့ စသော ပြဆိုချက်တို့ကို ထောက်၍ ကမ္မပုဂ္ဂလာဂမနမာသဝေါ-ဟု ရှိသော သီဟိုဠ်မူသာလျှင် ယုတ္တတရဖြစ်၍ ၎င်းအတိုင်း အနက်ပြန်ထားသည်။

၂—မှတ်ချက် ၅၌ ပြခဲ့သည့်အတိုင်း (ကမ္မပုဂ္ဂလတို့၏ဝင်ရောက်ကြောင်းဖြစ်သော ယှဉ်ခြင်းမှ စောင့်ရှောက်မှု-ဟူသော) ဂုတ္တိ ၃-ပါး (ညှဉ်းဆဲခြင်းမှ ရှောင်ကြဉ် လျက် ကောင်းစွာ ဖြစ်ခြင်းဟူသော) သမိတိ ငါးပါး၊ ဤသို့ အစရှိသော တားမြစ်ပိတ်ဆို့ခြင်းသည် သံဝရ မည်၏-ဟု သဗ္ဗဒဿနသင်္ဂဟ၌ ဆို၏။ ထိုဘွင် ဂုတ္တိ ၃-ပါးဟူသည်ကား ကိုယ်နှုတ် စိတ်တို့ကို နှိပ်ခြင်းပင်တည်း။ သမိတိ ၅-ပါး ဟူသည်ကား သွားရာ၌၎င်း ပြောဆိုရာ၌၎င်း ဆွမ်းခံ ရှာမှီးရာ၌ ၎င်း ခံယူရာ၌၎င်း ကျင်ကြီး ကျင်ငယ် စွန့်ရာ၌၎င်း ဤငါးဌာနတို့၌ သတ္တဝါ တို့အား ညှဉ်းဆဲမှုမဖြစ်စေရန် ဂရုပြု၍ ကျင့်ခြင်းပင်တည်း။ ထိုတွင် ဆွမ်းခံ ရာ၌ အပြစ် ၄၂-ပါးတို့မှ ကင်းလွတ်သော ဆွမ်းကိုသာလျှင် ရှာမှီးခံယူရသည် ဟူ၏။ ပိဋကတော်၌ လာသော အစေလက ကျင့်ဝတ်တို့ပင် ဖြစ်ရာ၏။

http://www.dhammadownload.com

ကမ္မဖလပ္ပဝတ္တိယာ၊ ကံ၏ အကျိုးအယဉ်၏၊ ပကတိယာ၊ ပကတိဖြစ်ရိုးဖြစ်စဉ်အားဖြင့်။ အပ္ပဝတ္တိ၊ မဖြစ်ခြင်းသည်။ နိဇ္ဇရော၊ နိဇ္ဇရ မည်၏။ ဣတိ၊ သို့။ ဝစနတော၊ ဆိုသောကြောင့်။ ဝိပါကနိရောဓနိမိတ္တံ၊ အကျိုးဝိပါက်၏ ချုပ်ခြင်း၏ အကြောင်းသည်။ နိဇ္ဇရော၊ နိဇ္ဇရ မည်၏[၁]။ မောက္ခောပိ၊ လွတ်ခြင်းသည်လည်း။ သဗ္ဗကမ္မဝိမောက္ခော၊ အသုံးစုံသော ကံဘို့မှ လွတ်မြောက်ခြင်းတည်း။ ဣတိ၊ သို့။ ဝစနတော၊ ဆိုသောကြောင့်။ ကမ္မပုဂ္ဂလဇီဝဝိယောဂေါ၊ ကမ္မပုဂ္ဂလတို့နှင့် ဇီဝ၏ မယှဉ်ခြင်းတည်း[၂]။ တတ္ထ၊ ထိုတရားတို့တွင်။ ကမ္မပုဂ္ဂလာနံ၊ ကမ္မပုဂ္ဂလတို့၏။ ဝါ၊ ကမ္မနှင့်ပုဂ္ဂလတို့၏။ သဒ္ဒါဒိလက္ခဏာတာယ၊

၁—အဇ္ဇတာဿ ကမ္မုနော (ရှေးဘဝက ရခဲ့ ပြုခဲ့သောကံကို) တပေါပဘာဝိတိဟိ နိဇ္ဇရဏံ နိဇ္ဇရာခ်ံ တတ္ထံ၊ စိရကာလပ္ပဝတ္တကသာယကလာပံ ပုညံ သုခ ဒုက္ခေ့ စ ဒေဟေန ဇရယန္တိ နာသယတိ၊ ကေသဥလ္လုဥ္စနာဒိကံ (ဆံပင်ကို နုတ်ခြင်းစသော အကျင့်ကို) တပေါ ဥစ္စတေ။ (သဗ္ဗ ၈၀)

ကမ္မေကဒေသသခ်ယော နိဇ္ဇရာ (ဋင်း၏ အဖွင့် ၇၃)

အထက်ပါ ပြဆိုချက်များနှင့်အညီ ရှေးဘဝက ပါခဲ့သော ကံဟောင်းကို ဆံပင်ကို နုတ်ခြင်း အစရှိသော အကျင့်ဖြင့် ကုန်ပျက်စေခြင်းကို နိဇ္ဇရာ-ခေါ်သည်-ဟု သိအပ်၏။

၂—မိစ္ဆာဒဿနာဒိနံ ဗန္ဓဟေတူနံ နိရောဓေ အဘိနဝကမ္မာဘာဝတော နိဇ္ဇရာ-ဟေတုသံနိဓာနေန အဇ္ဇိတဿ ကမ္မုနော နိရသနတော အစ္စန္တိကကမ္မမောက္ခံ မောက္ခော။ တဒါဟ.... "ဗန္ဓဟေတု အဘာဝနိဇ္ဇရာဟိ ကသိဏ (သကလ) ကမ္မဝိပ္ပမောက္ခန် မောက္ခော" ဣတိ။ (သဗ္ဗ ၈၀)

သံဝရော နိဇ္ဇရာစေတိ မောက္ခေ ဟေတုဒွယံ၊ တတြ သံဝရေန ကမ္မပုဂ္ဂလာနံ ဇီဝတ္တနိ ပဝေသာဘာဝါ အဘိနဝကမ္မာဘာဝေါ၊ သဉ္စိတဿ စ နိဇ္ဇရာယ ခေပနံ၊ ဧဝံ ကသိဏ(သကလ)ကမ္မဝိမောက္ခေ မောက္ခော သိဇ္ဈတိ။ (ဋင်း၏ အဖွင့်။)

အထက်ပါ ပြဆိုချက်များဖြင့် ဂျိန်းဝါဒအရ လွတ်မြောက်ရေး၌ သံဝရနှင့် နိဇ္ဇရာဟူ၍ အကြောင်း နှစ်ပါးရှိရာတွင် သံဝရဖြင့် ကမ္မပုဂ္ဂလခေါ် ကံဖြစ်နိုင်သော ရုပ်တို့ကို မဝင်ရောက် မရောယှက်စေခြင်းကြောင့် ကံအသစ် မဖြစ်ခြင်း, နိဇ္ဇရာဖြင့် ကံဟောင်းကို ကုန်စေခြင်း-ဟူသော ဤနှစ်မျိုးနှင့် ကံအားလုံးမှ လွတ်မြောက်လျှင် မောက္ခ ပြီးစီးသည်ဟု ပြ၏။

http://www.dhammadownload.com

သဒ္ဒရုပ် စသည်လျှင် လက္ခဏာရှိသည်၏ အဖြစ်ကြောင့်။ ရူပမတ္တဘာ၊ ရုပ်မျှ၏ အဖြစ်သည်ရင်း။ ပုညာပုညမတ္တတာယ၊ ကောင်းမှု မကောင်းမှုမျှ၏ အဖြစ်ကြောင့်။ အရူပတာ၊ နာမ်၏အဖြစ်သည်ရင်း။ (ဟောသိ၊ ၏။) ဇီဝေါစ၊

ထိုသို့ မောက္ခ-ပြီးစီးရာ၌ "သမ္မာဒဿန-ဉာဏ-စာရိတ္တာနိ မောက္ခမဂ္ဂေါ" (သဗ္ဗ ၆၃) ဟူသည်နှင့် အညီ (၁) သမ္မာဒဿန-အမြင်မှန်၊ (၂) သမ္မာဉာဏ-အသိမှန်၊ (၃) သမ္မာ စာရိတ္တ-အကျင့်မှန်-ဟူသော ဤ ၃-ပါးကို ဂျိန်းဝါဒအရ လွတ်မြောက်ကြောင်း မဂ်လမ်း ဟူ၍ရင်း၊ တြိရတနာဟူ၍ရင်း ဆို၏။

ထိုတွင် ဂျိန်းဘာသာတရား၌ ယုံကြည်ခြင်းကို သမ္မာဒဿန-ဟု ဆို၏။ ဇီဝ အဇီဝ စသော ဂျိန်းသဘာဝတရားတို့ကို သိခြင်းကို သမ္မာဉာဏ-ဟုဆို၏။ (၁) အဟိံသာ၊ (၂) သစ္စာ၊ (၃) အထေယျ၊ (၄) ဗြဟ္မစရိယ၊ (၅) အပရိဂ္ဂဟ-ဟူသော မဟာဝတခေါ် ဤဝတ်ငါးပါးအကျင့်ကို သမ္မာစာရိတ္တဟု ဆို၏။

ထိုတွင် ဂျိန်းဝါဒ၌ (၁) အဟိံသာ-မညှဉ်းဆဲခြင်း ဟူသည်မှာ သဝိညာဏက ဖြစ်၍လှုပ်ရှားတတ်သောသတ္တဝါတို့ကိုသာ မဟုတ်၊ အဝိညာဏကဖြစ်သော မလှုပ်ရှားတတ်သော မြေ ရေ လေ မီး သစ်ပင်တို့ကိုပါ ဧကိန္ဒြိယ သတ္တဝါဟု ယူ၍ ၎င်းတို့ကိုပါ မညှဉ်းဆဲရသော အကျင့်ဖြစ်သည်။ အပြင်းအထန် ကျင့်သော အချို့ဂျိန်းရဟန်းများသည် လေထဲ၌လွင့်ပါလာသောသတ္တဝါများအား ရှူရှိုက်ခြင်းဖြင့် ညှဉ်းဆဲမှု မဖြစ်စေရန် နှာခေါင်း၌ အဝတ်ဖြင့် ဖုံးလွှမ်းထားသည် ဟူ၏။ ဂျိန်းဘာသာဝင် လူဝတ်ကြောင်တို့မှာ ဤအဟိံသာ အကျင့်ကို အပြည့်အစုံ မကျင့်နိုင်၍ ဒွိန္ဒြိယပါဏ စသော လှုပ်ရှားတတ်သော သတ္တဝါတို့အား မညှဉ်းဆဲခြင်းကိုသာလျှင် ကျင့်နိုင်ကြသည် ဟူ၏။ သတ်ဖြတ်ညှဉ်းဆဲရန် ကြံစည်ခြင်း ပြောဆိုခြင်း ခိုင်းပြုခြင်း တိုက်တွန်းခြင်းဖြင့်လည်း ဤကျင့်ဝတ် ပျက်သည်ဟု ယူကြ၏။

(၂) သစ္စာ-အမှန်ကိုပြောခြင်း ဟူသည်မှာ မမှန်သည်ကိုပြောခြင်းမှ ရှောင်ကြဉ်၍ မှန်ကန်သော ကောင်းသော ချိုသာသော အကျိုးရှိသောစကားကို ပြောခြင်းဟု ဆိုလို၏။ ဗုဒ္ဓဘာသာ၌ သမ္မာဝါစာမျိုးပင် ဖြစ်သည်။

(၃) အထေယျ-မခိုးရခြင်း ဟူသည်မှာ သူတပါးမပေးသည့် ဥစ္စာကို မယူရခြင်းပင် ဖြစ်သည်။ ဗုဒ္ဓဘာသာ၌ အဒိန္နာဒါနဝိရတီမျိုးပင် ဖြစ်သည်။ ဂျိန်းဆရာတဦးကမူကား ပစ္စည်းဥစ္စာမှာ ပိုင်ရှင်ဖြစ်သူ၏ အပြင်ပ အသက်ဖြစ်၍ ထိုပစ္စည်းကို လုယက် ခိုးယူလျှင် အပြင်ပအသက်ကို လုယက်ခိုးယူရာ ရောက်သည်ဟု ဆို၏။

http://www.dhammadownload.com

ဇီဝသည်ကား။ အရူပမတ္တမေဝ၊ နာမ်မျှသာလျှင်တည်း။ ဉာတိအယံ၊ ဤသည်ကား။ ဒြဗျမောက္ခော၊ ဒြဗ်အားဖြင့် လွှတ်မြောက်ခြင်းတည်း[၁]။ ဘာဝ-မောက္ခောပန၊ ဖြစ်ခြင်းအားဖြင့် လွှတ်ခြင်းသည်ကား။ ဇီဝဿ၊ ဇီဝဟု ခေါ်သော အတ္တ၏။ ရာဂါဒိဘာဝပရိဏာမော၊ ရာဂစသည်ဖြစ်ခြင်းငှါ မပြောင်းလဲခြင်းဘည်း[၂]။ (ဉာတိ၊ ကြောင့်။) ရာဂါဒယော၊ ရာဂစသည်တို့သည်။ နာမမေဝ၊ နာမ်သည်သာလျှင်တည်း။ ဉာတိ၊ ထို့ကြောင့်။ ဇီဝါဒယောပိ၊ ဇီဝအစရှိသော တဘ္ဘဘာ်သည်လည်း။ နာမရူပန္တောဂဓာဧဝ၊ နာမ်ရုပ်တို့၌ အတွင်းဝင်ကုန်သည်သာလျှင်တည်း။

ကာယ ပဝတ္တိ ဂတိ ဇာတိ ဗန္ဓာပဝဂ္ဂါ၊ ကာယ ပဝတ္တိ ဂတိ ဇာတိ ဗန္ဓ အပဝဂ္ဂတို့သည်။ ဝါ၊ ကိုယ် ဖြစ်ခြင်း လားရာ အမျိုးဇာတ် နှောင်ဖွဲ့ခြင်း လွှတ်မြောက်ခြင်းတို့သည်။ ကာယာဒိကာ၊ ကာယအစရှိသည်တို့ မည်ကုန်၏။ တတ္ထ၊ ထိုကာယအစရှိသည်တို့တွင်။ ပထဝီ အာပ တေဇ ဝါယု အတ္တ

---

(၄) ဂျိန်းဝါဒ၌ ဗြဟ္မစရိယ-မြတ်သော အကျင့်ဟူသည်မှာ မေထုန်မှုမှ ကြဉ်ရှောင်ရုံမျှသာ မဟုတ်၊ ကာမဂုဏ် အာရုံ ခံစားမှု ဟူသမျှမှ ကြဉ်ရှောင်ခြင်း ဟူ၍ ယူဆကြ၏။ ကာမဂုဏ် ခံစားမှုနှင့် စပ်၍ ပြောဆိုခြင်း ကြံစည်ခြင်း နောင်ကာလ နောင်ဘဝ၌ ခံစားရန် မျှော်လင့်ခြင်း သူတပါးအား ခွင့်ပြုခြင်းများကိုလည်း မပြုရဟူ၏။

(၅) အပရိဂ္ဂဟ-မသိမ်းပိုက်ခြင်းဟူသည်မှာ အာရုံငါးပါး၌ ကပ်ငြိတွယ်တာခြင်းကို စွန့်ပယ်ခြင်းဟု ဆိုလို၏။ လောကီအာရုံတို့၌ ကပ်ငြိတွယ်တာခြင်းသည် လောက၌ ဖွဲ့တွယ်စေသော ဗန္ဓဖြစ်၍ ၎င်း၏ အားစွမ်း သတ္တိက ဘဝသစ်ကို ဖြစ်စေတတ်သည်။ ထို့ကြောင့် ၎င်းကပ်ငြိတွယ်တာခြင်းကို မစွန့်မပယ်လျှင် လွှတ်မြောက်ခြင်း မဖြစ်နိုင်ဟု ယူဆကြ၏။ မူအားဖြင့် ဗုဒ္ဓဘာသာ တရားတော်နှင့် တူညီ၏၊ ဗုဒ္ဓဘာသာတရားတော်၌ကား လောကီအာရုံ ငါးပါးမျှ၌သာ မဟုတ်ပဲ အာရုံခြောက်ပါးလုံး မိမိကိုယ်၌ပါ ကပ်ငြိတွယ်တာမှု ကင်းအောင် ကျင့်ရ၏။

၁—ကမ္မပုဂ္ဂလတို့၏ ဇီဝအတ္တနှင့် ရောနှောခြင်းကို ဒြဗျဗန္ဓဟု ဆို၏။ ကမ္မပုဂ္ဂလတို့၏ ဇီဝ အတ္တနှင့် မယှဉ်ခြင်းသည် ထိုဒြဗျဗန္ဓ၏ ဆန့်ကျင်ဘက် ဖြစ်သော ကြောင့် ၎င်းကို ဒြဗျမောက္ခဟု ဆိုသည်။

၂—ဇီဝအတ္တ၏ ရာဂစသည် ဖြစ်ခြင်းကို ဘာဝဗန္ဓ-ဟု ဆို၏။ ထို၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့် ဘာဝမောက္ခ-ဟု ဆိုသည်။

http://www.dhammadownload.com

သုခ ဒုက္ခေသုပေထဝီ အာပေါ တေဇော ဝါယော အတ္တာ ချမ်းသာ ဆင်းရဲတို့၌။ ကာယသမညာ၊ ကာယဟူသောအမည်သည်[၁]။ (ဟောတိ၊ ၏။)ပဝတ္တိ ဂတိ ဇာတိဗန္ဓပဝဂ္ဂါ၊ ပဝတ္တိ ဂတိ ဇာတိ ဗန္ဓ အပဝဂ္ဂတို့သည်။ ဝါ၊ ဖြစ်ခြင်း လားရာဂတိ အမျိုးဇာတ် နှောင်ဖွဲ့ခြင်း လွတ်မြောက်ခြင်းတို့သည်။ တဒဝိသိဋ္ဌာ၊ ထိုကာယမှ မထူးခြားသော သဘောဘရားတို့တည်း။ ဘာဝေါတိ၊ ဘာဝ-ဖြစ်ခြင်း ဟူသည်ကား။ အတ္ထော၊ အနက်တည်း။ ဝါ၊ ပရမတ္ထ သဘောဘည်း။ ကာယောတိ၊ ကာယ ဟူသော ပုဒ်သည်။ အနတ္ထန္တရံ၊ ဘာဝမှ ထူးခြားသော အနက် မရှိ၊ ဝါ၊ မထူးခြားသော အနက် ရှိ၏။ ဝါ၊ ဘာဝနှင့် တူသော အနက် ရှိ၏[၂]။ ဣတိ၊ သို့။ ဝစနတော၊ ဆိုသောကြောင့်။ ကာယတော၊ ကာယမှ၊ အညံ၊ တပါးသော။ ကိဉ္စိ၊ တစုံတခုသည်။ နတ္ထိ၊ မရှိ။ ကိရိယာသံယောဂဝိဘာဂေသု၊ ပြုခြင်း ယှဉ်ခြင်း ကွဲကွာခြင်းတို့၌။ ဝါ၊ ပြုခြင်းနှင့် ယှဉ်ခြင်း ကွဲကွာခြင်းတို့၌။ ပဝတ္တိသညာ၊ ဖြစ်ခြင်းဟူသော အမည်သည်။ (ဟောတိ၊ ၏။) ဣတိ၊ သို့။ ဝစနတော၊ ဆိုသောကြောင့်။ ဂတိအာဒိပ္ပကာရေန၊ ဂတိ အစရှိသော အပြားအားဖြင့်။ ပဝတ္တာ၊ ဖြစ်ကုန်သော။ ပထဝီ အာဒယော ဧဝပထဝီအစရှိသည်တို့သာလျှင်။ ပဝတ္တိ၊ ပဝတ္တိ မည်၏။ ဥပစာရော၊ တင်စား၍ ခေါ်သော အမည်ဘည်း[၃]။ (ဂတိဣတိပဒံ၊ ဂတိဟူသောပုဒ်သည်။) တသ္မိံ၊ ထိုကာယ၌။ (တသ္မာ-ဟု ရှိသင့်၏။ တသ္မာ၊ ထိုကာယမှ။) အနတ္ထန္တရံ၊ မထူးခြားသော အနက်ရှိ၏။ ဝါ၊ ထူးခြားသောအနက်မရှိ။ ဝါ၊ တူသောအနက်ရှိ၏။ ဣတိ၊ သို့။ ဝစနတော။ ဆိုသောကြောင့်။ ကာယတော၊ ကာယမှ။ အညာ၊ အခြားတပါး မဟုတ်ကုန်သော။သုရ မနုဇ ပေတ တိရစ္ဆာနနရကူပပတ္တိယော၊ နတ်ဘုံ လူ့ဘုံ ပြိတ္တာဘုံ တိရစ္ဆာန်ဘုံ ငရဲဘုံတို့၌ ကပ်ရောက်၍ ဖြစ်ခြင်းတို့

၁—ဤကာယခုနစ်ပါးဝါဒကို သီလက္ခန် သာမညဖလသုတ်တွင် ပကုဓ ကစ္စာယန၏ ဝါဒအဖြစ်ဖြင့် တွေ့ရ၏။ မဇ္ဈိမ ပဏ္ဏာသ သန္ဒကသုတ် (မ ၂-၁၇၅) နှင့် သံယုတ္တနိကာယ ခန္ဓဝဂ္ဂ မဟာဒိဋ္ဌိသုတ်(သံ၂-၁၇၃)တို့၌ လည်း တွေ့ရ၏။ဤ ကာယာဒိဝါဒကို ဖော်ပြထားသော အပြင်ပ ကျမ်းစာကိုကား မတွေ့ရသေး။

၂—ဘာဝေါတိ အတ္ထော၊ ကာယောတိ အနတ္ထန္တရံ-ဟူသော ပါဠ်အနက်ကို မှန် မမှန် စဉ်းစားသင့်သေး၏။

၃—ဤဥပစာရော-ပုဒ်ကိုလည်း သင့် မသင့် စဉ်းစားသင့်သေး၏။

http://www.dhammadownload.com

သည်။ ဂတိယော၊ ဂတိ မည်ကုန်၏။ တာသု၊ ထိုငါးပါးသော ဂတိတို့တွင်။ (သီဟိုဠ်မူ၌ ပုရိမာ ဝိသိဋ္ဌာ ဂတီသု-ဟု ရှိ၏။ ပုရိမဝိသိဋ္ဌဂတီသု-ဟု ပါဠ်မှန် ရှိသင့်၏)။ ပုရိမဝိသိဋ္ဌဂတီသု၊ ရှေးဖြစ်သော ထူးခြားသော လူ့ဂတိ နတ်ဂတိတို့၌။ ဇာတသ္သ၊ ဖြစ်သောပုဂ္ဂိုလ်၏။ နိဋ္ဌယောပိ၊ ဆုံးဖြတ်ကြောင်း ဖြစ်သော အဆင့်အတန်း အမျိုးဇာတ်သည်လည်း။ ပဝတ္တိမတ္တံ၊ ကာယ၏ ဖြစ်ခြင်းမျှသာတည်း။ ဣတိ၊ ထိုကြောင့်။ ကဏှ နီလ ရတ္တ ပီတ သုက္က အတိ သုက္ကသင်္ခါတာ၊ အမည်း အညို အနီ အဝါ အဖြူ အလွန်ဖြူသော အမျိုး အစား ဟု ဆိုအပ်ကုန်သော။ ဇာတိယော၊ အမျိုးဇာတ်တို့သည်[၁]။ တတော၊ ထိုကာယမှ။ အနညာ၊ အခြားတပါး မဟုတ်ကုန်။ တာ၊ ထိုဇာတိတို့သည်။ ဥတ္တရုတ္တရဝိသိဋ္ဌာ၊ နောက်နောက် ဇာတိကာလ၌ ထူးကုန်သည်ဖြစ်၍။ အညာဏ မောဟ ရာဂ ဒေါသ တဗ္ဗ သန္ဒဿနပ္ပါယာ၊ မသိခြင်း တွေဝေ ခြင်း ရာဂ ဒေါသတို့ကို အမှန်အားဖြင့်မြင်ခြင်းများသည်ရှိသော်။ သုက္ကဇာတိ၊ သုက္ကဇာတိ မည်၏။ အန္တာ၊ အဆုံးမှ။ ဝါ၊ နောက်ဆုံးဖြစ်သော။ အစ္စန္တ-ဝိမုတ္တာ၊ စင်စစ် လွတ်မြောက်သော။ အဝဂါဋ္ဌတတ္တာ[၂]၊ သက်ဝင်အပ်သော

၁--ဤဇာတိ ၆-မျိုးကို သီလက္ခန် သာမညဖလသုတ်၌ မက္ခလိ ဂေါသာလ၏ ဝါဒ အဖြစ်ဖြင့် တွေ့ရ၏။ အင်္ဂုတ္တရဆက္ကနိပါတ (၃၇၇) ၌ ပူရဏကဿပ၏ဝါဒ အဖြစ်ဖြင့် တွေ့ရ၏။ ထိုပူရဏကဿပ၏ ဝါဒ၌ မက္ခလိဂေါသာလကို ပရမ သုက္ကာဘိဇာတိ-ဟု အမြတ်ဆုံးထား၍ ပြဆိုသောကြောင့် ထိုဝါဒသည် မက္ခလိ၏ ဝါဒရင်း ဖြစ်ကြောင်း ထင်ရှား၏၊ ထိုပြင် ပူရဏသည် မက္ခလိ၏ ဝါဒကိုလက်ခံသူ တပည့် ဖြစ်သည်ဟူ၍လည်း ယူသင့်၏။ ထိုပြင် ဤဝါဒကို မဇ္ဈိမနိကာယ အပဏ္ဏကသုတ်နှင့် သန္ဒကသုတ်တို့၌လည်း တွေ့ရ၏။ သံယုတ္တ-နိကာယ ခန္ဓဝဂ္ဂ (၁၇၃)၌လည်း တွေ့ရ၏။ ထိုသုတ်ပါဠိတော်တို့၌ ဆဠာဘိ-ဇာတိယော ဟု ပြဆိုထား၏။ အထူးကား ရတ္တ ပီတ အတိသုက္ကတို့၏ အရာ၌ ထိုသုတ်ပါဠိတော်တို့တွင် လောဟိတ ဟလိဒ္ဒ ပရမသုက္က-ဟု ပြထား၏၊ ဤ ဋီကာ၌ ပြထားသော အမည်များမှာ ထိုကာယာဒိဝါဒီတို့၏ ကျမ်းရင်းမှ အမည်ဝေါဟာရများ ဖြစ်ရာ၏။

၂--သီဟိုဠ်မူ၌ အဝဂါဠတတ္တာ-ဟု ရှိသည်၊ သီဟိုဠ် ဠ-အရာ၌ မြန်မာ ပါဠိစာမူတို့ တွင် ဋ္ဌ-ဟု ရှိမြဲ ဖြစ်သည်။

http://www.dhammadownload.com

အမှန်တရားရှိသော။ ဝါ၊ အမှန်တရားကို သက်ဝင်ပြီးသော အမျိုးဇာတ်သည်။ အတိသုက္ကဇာတိ၊ အတိသုက္ကဇာတိ မည်၏ [၁]၊ ဒေါသေသု၊ အညာဏ အစရှိသော အပြစ်ဒေါသတို့၌။ ဗန္ဓသမညာ၊ နှောင်ဖွဲ့ခြင်း ဟူသောအမည်သည်။ (ဟောတိ၊ ၏။) ဣတိ၊ သို့။ ဝစနတော၊ ဆိုသောကြောင့်။ အညာဏာဒိလက္ခဏာသ၊ အညာဏ စသည်လျှင် လက္ခဏာရှိသော။ ဗန္ဓဿ၊ နှောင်ဖွဲ့သောအရာ၏။ ဇီဝတော၊ ဇီဝမှ။ အနညတာ၊ တခြားတပါး မဟုတ်သည်၏ အဖြစ်သည်။ (ဟောတိ၊ ၏။) အညာဏာဒိဒေါသာဘာဝတော၊ အညာဏ အစရှိသော အပြစ်၏ မရှိခြင်းကြောင့်။ အပဝဂ္ဂသိဒ္ဓိ၊ လွတ်မြောက်ခြင်း၏ ပြီးခြင်းသည်။ (ဟောတိ၊ ၏။)ဣတိ၊ ထိုကြောင့်။ ကာယာဒယောပိ၊ ဂ ာယ အစရှိသည်တို့ သည်လည်း။ နာမရူပမတ္တမေဝ၊ နာမ်ရုပ် မျှသာလျှင်တည်း။

တတ္ထ တတ္ထ၊ ထိုထိုဝါဒတို့၌။ ပုရိသော၊ ပုရိသ။ အတ္တာ၊ အတ္တ။ ဇီဝေါ၊ ဇီဝ။ ဣတိအာဒိပရိယာယေဟိ၊ ဤသို့အစရှိသော ပရိယာယ်တို့ဖြင့်။ ဝုတ္တော၊ ဆိုအပ်သော။ယောပိအတ္တပဒတ္ထော၊အကြင်အတ္တဟူသောပဒတ္ထသည်လည်း။ ဝါ၊ အတ္တဟူသော ပုဒ်၏ အနက်သည်လည်း။ (အတ္ထိ၊ ရှိ၏။) သောပိ၊ ထိုအတ္တဟူသော ပဒတ္ထသည်လည်း။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ နာမရူပမတ္တံ၊ နာမ်ရုပ်မျှကို။ ဥပါဒါယ၊ စွဲ၍။ ပညတ္တော၊ ပညတ်အပ်သော အရာတည်း။ ဝါ၊တနည်းကား။ နာမရူပမတ္တမေဝ၊ နာမ်ရုပ်မျှသာလျှင်တည်း။ တေန၊ ထိုကြောင့်။ တေပိ နာမရူပန္တောဂဓဘာဝါဘာဝဝသေန နိစ္ဆိတာ-ဝေါတိ၊ ဟူ၍။ (မယာ၊ ငါသည်။) ဝုတ္တံ၊ ဆိုအပ်ခဲ့ပေသတည်း။

မဟာဋီကာ သမယန္တရပိုင်း ဂဏ္ဌိနိဿယ ပြီး၏။

၁။ ဤအရာ၌ စာတိသုက္ကဇာတိ-ဟု ရှိသောပါဌ်ကား မသင့်။

http://www.dhammadownload.com

မဟာဋီကာ သမယန္တရပိုင်း

ဂဏ္ဌိနိဿယ

၁၉-ကင်္ခါဝိတရဏဝိသုဒ္ဓိနိဒ္ဒေသဝဏ္ဏနာ

"သမယန္တရဝါဒရှင်းချက်"

[မူလရည်ရွယ်ချက်မှာ ရှေး၌ ပြခဲ့ပြီးသော အပိုင်းလောက်သာ ပုံနှိပ်ဖြန့်ဝေရန် ဖြစ်သည်။ သို့သော် မဟာဋီကာ စာမျက်နှာ ၃၇၀-၃၇၁ တို့၌ သမယန္တရဝါဒရှင်းချက်များမှာလည်း ချတ်ယွင်းသောပုဒ်များနှင့် အနက်အဓိပ်သောပုဒ်များ ရှိနေသောကြောင့် ထိုရှင်းချက် နိဿယကိုလည်း နောက်ဆက်တွဲအနေဖြင့် ထည့်သွင်းဖော်ပြလိုက်သည်။ စာမျက်နှာ ၃၇၀၊ စာကြောင်း ၃-မှ စသည်။]

အပိစ၊ တနည်းလည်း။ နာမရူပံ၊ နာမ်ရုပ်သည်။ ဣဿရာဒိဟေတုကံ၊ ဣဿရစသည်လျှင် အကြောင်းရှိသည်။ န၊ မဟုတ်။ ကာရဏံ၊ မဟုတ်ခြင်း၏ အကြောင်းကား။ ကိံ၊ အဘယ်နည်း။ ကမေန၊ အစဉ်အားဖြင့်။ ဝါ၊ အစဉ်အတိုင်း။ ဥပ္ပတ္တိတော၊ ဖြစ်ခြင်းကြောင့်တည်း။ ဟိ၊ ချဲ့၍ပြအံ့။ ဧကံ၊ တခုတည်းသော။ (သီဟိုဠ်မူ၌ ဧကံ-ဟူ၍ပင် ရှိ၏၊ ဧဝံ-ကား မသင့်) နိစ္စံ၊ မြဲသော။ ဣဿရာဒိသညိတံ၊ ဣဿရစသည်ဟု ဆိုအပ်သော။ ကမ္မကိလေသိန္ဒြိယာရမ္မဏာဒိနိရပေက္ခံ၊ ကံ ကိလေသာ ဣန္ဒြေ အာရုံ စသည်ကို ငဲ့ခြင်းမရှိသော။ ကာရဏံ၊ သည်။ ယဒိသိယာ၊ အကယ်၍ ဖြစ်ငြားအံ့။ ယတ္တကေဟိ၊ အကြင်မျှလောက်သော အကျိုးနာမ်ရုပ်တို့သည်။ တတော၊ ထိုအကြောင်းမှ။ ဥပ္ပဇ္ဇိတဗ္ဗံ၊ ဖြစ်သင့် ဖြစ်ထိုက်၏။ (တတ္တကာနံ၊ ထိုမျှလောက်ကုန်သော။) သဗ္ဗေသံယေဝ၊ အလုံးစုံသာလျှင် ဖြစ်သော အကျိုးနာမ်ရုပ်တို့၏။ ဧကဇ္ဈံ၊ တပေါင်းတည်း။ ဥပ္ပတ္တိ၊ ဖြစ်ခြင်းသည်။ သိယာ၊ ဖြစ်လေရာ၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူ။ ကာရဏဿ၊ အကြောင်း၏။ သန္နိဟိတဘာဝတော၊ ကောင်းစွာ အသင့် တည်ရှိသည်၏ အဖြစ်ကြောင့်တည်း။ ပန၊ ထိုမှတပါး။ တဿ၊ ထိုဣဿရစသည်၏။ ဣစ္ဆာဝသေန၊ အလို၏ အစွမ်းအားဖြင့်။ တဿ၊ ထိုနာမ်ရုပ်၏။ ဥပ္ပတ္တိံ၊ ဖြစ်ခြင်းကို။ ယဒိ ပရိကပ္ပေယျုံ၊ အကယ်၍ ကြံဆကုန်ငြားအံ့။ တာသဥ္စ ဣစ္ဆာနံ၊ ထိုအလိုပ္ပဲ့တို့၏

http://www.dhammadownload.com

လည်း။ ကေဇ္ဇံ၊ တပေါင်းတည်း။ ဥပတ္တိယံ၊ ဖြစ်ခြင်း၌။ ဝိဗန္ဓော၊အခနှောင် အဖွဲ့ အန္တရာယ်သည်။ ကော၊ အဘယ်ပါနည်း။ တနည်း။ ကော ဝိဗန္ဓော၊ အဘယ်အနှောင်အဖွဲ့ အန္တရာယ်ရှိပါသနည်း။အထ၊ထိုသို့မဟုတ်။အပေက္ခိ- တဗ္ဗံ၊ ငဲ့အပ်သော။ ကမ္မကိလေသိန္ဒြိယာရမ္မဏာဒိ၊ အာရုံအစရှိသော။ ကိဉ္စိ၊ သော။ အညမ္ပိ၊ တပါးသောအကြောင်းသည်လည်း။ အတ္ထိ၊ ရှိသေး၏။ ဣတိ၊ သို့။ စေ ပရိကပ္ပေယျုံ၊ ကုန်ငြားအံ့။ တဒေဝ ကာရဏံ၊ ထိုကံ- ကိလေသာ အစရှိသော အကြောင်းသည်သာလျှင်။ ဟေတု၊ အကြောင်းမှန် တည်း။ အဒိဋ္ဌသာမတ္ထိယေန၊ မမြင်အပ်သော အစွမ်းသတ္တိရှိသော။ ဝါ၊ သူ၏အစွမ်းသတ္တိကို မမြင်ရ မတွေ့ရသော။ပရိကပ္ပိတေန၊ ကြံဆအပ်သော။ အညေန၊ ကံ ကိလေသာ စသည်မှ တပါးသော အကြောင်းဖြင့်။ ကိံ ပယောဇနံ၊ အဘယ်အကျိုး ရှိအံ့နည်း။ တနည်း၊ အဒိဋ္ဌသာမတ္ထိယေန၊ သော။ အညေန၊ တပါးသော အကြောင်းကို။ ပရိကပ္ပိတေန၊ ကြံဆ၍ ယူသဖြင့်။ ကိံ ပယောဇနံ၊ အံ့နည်း။ ဟိ၊ မှန်၏။ ကမ္မာဒီနံ၊ ကံစသည်တို့ ၏။ သာမတ္ထိယံ၊ အစွမ်းသတ္တိကို။ ဒိဋ္ဌံ၊ တွေ့မြင်အပ်၏။ (ကသ္မာ၊ နည်းဟူ မူ) တဒညပစ္စယသန္နိဓာနေ၊ ထိုကံစသည်တို့မှ တပါးသော အကြောင်း တို့၏ ကောင်းစွာ အသင့်တည်ရှိခြင်းသည်။ သတိပိ၊ ရှိငြားသော်လည်း။ တဒဘာဝေ၊ ထိုကံစသည်ဘို့ မရှိလတ်သော်။ အဘာဝတော၊ အကျိုးတရား တို့၏ မဖြစ်ခြင်းကြောင့်တည်း။ ဟိ၊ ထင်စွာပြအံ့။ ရူပါလောကမနသိ- ကာရသန္နိဓာနေ၊ အသင်း အရောင်အလင်း နှလုံးသွင်းမှုတို့၏ ကောင်းစွာ အသင့်တည်ရှိခြင်းသည်။သတိပိ၊ သော်လည်း။ စက္ခုနော၊ စက္ခုပသာဒ၏။ အဘာဝေ၊ မရှိလတ်သော်။စက္ခုဝိညာဏဿ၊ ၏။ အဘာဝံ စ၊ မဖြစ်ခြင်းကို ၎င်း။ ဘာဝေ၊ ရှိလတ်သော်။ ဘာဝံ စ၊ ဖြစ်ခြင်းကို၎င်း။ ဒိသွာ၊ ၍။ စက္ခုနော၊ ၏။ စက္ခုဝိညာဏုပ္ပါဒနသာမတ္ထတာ၊စက္ခုဝိညာဏ်ကို ဖြစ်စေခြင်း ၌ စွမ်းနိုင်သည်၏အဖြစ်သည်။ အတ္ထိ၊ ၏။ ဣတိ၊ သို့။ ဝိညာယတိ ယထာ၊ သိအပ်သကဲ့သို့၎င်း။ စ၊ တနည်း ဥပမာကား။ ယမကာနမ္ပိ၊ အမွှာပူးတို့ သော်လည်း။ သမာနာနံ၊ ဖြစ်သော ညီအစ်ကို ညီအစ်မတို့၏။ ဇနက- ဇနနီသုက္ကသောဏိတာဒိ ဗာဟိရပစ္စယသမဘာဝေ၊ဖြစ်စေတတ်သော ဘခင် မိခင်တို့၏ သုက်သွေး အစရှိသော အပြင်ပ အကြောင်းတို့၏ တူညီသည်၏ အဖြစ်သည်။ သတိပိ၊ ရှိငြားသော်လည်း။ သတ္တာနံ၊ တို့၏။ ဟီနပဏီတ- တာဒိဝိသေသော၊ယုတ်ညံ့သည်၏အဖြစ်, မြင့်မြတ်သည်၏အဖြစ်အစရှိသော

http://www.dhammadownload.com

အထူးကို ။ဒိဿတိ၊ တွေ့မြင်အပ်၏။ သော၊ ထို အထူးသည်။ သသန္တာနေ၊ မိမိတို့၏ သန္တာန်၌။ (တေသံ သန္တာနေ-ဟု ရှိလျှင် သာ၍ ကောင်းသည်။ ထိုအမွှာပူးတို့၏ သန္တာန်၌-ဟု အနက်ပြန်ရာ၏။) တာဒိသဿ၊ သော။ အညဿ၊ သော။ ဟေတုနော၊ ၏။ အဘာဝါ၊ မရှိခြင်းကြောင့်။ ကမ္မ-ကိလေသဟေတုကော၊ကံကိလေသာလျှင် အကြောင်းရှိ၏။ ဣတိ၊ ကြောင့်။ တဿ၊ ထို ကံကိလေသာ၏။ တတ္ထ၊ ထို ဟီနပဏီတအဖြစ်စသော အထူးကို ဖြစ်စေခြင်း၌။ သမတ္ထတာ၊ စွမ်းနိုင်သည်၏ အဖြစ်သည်။ အတ္ထိ၊ ၏။ ဣတိ၊ သို့။ ဝိညာယတိ ယထာ၊ သိအပ်သကဲ့သို့ရင်း။ ဧဝံ၊ ဤအတူ။ ဣဿရာဒိ-ကဿ၊ ဣဿရအစရှိသော အကြောင်း၏။ သမတ္ထတာ၊ ကို။ န ဝိညာယတိ၊ မသိအပ်-မသိရချေ။ ဟိ၊ မှန်၏။ ကာရဏဿ၊ ၏။ ဘာဝါဘာဝေ၊ ရှိခြင်း-မရှိခြင်းကြောင့်။ ဖလဿ၊ အကျိုး၏။ ဘာဝါဘာဝေဟိ၊ ဖြစ်ခြင်း-မဖြစ်ခြင်းတို့ဖြင့်။ ကာရဏဿ၊ အကြောင်း၏။ သမတ္ထတာ၊ အကျိုးကို ဖြစ်စေခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်ကို။ ဝိညာယေယျ၊ သိအပ်ရာ၏။ စ၊ ဆက်ဦးအံ့။ (ကာရဏေ၊ သည်။) သန္နိဟိတေ၊ သော်။ တံ ကာရဏဿ၊ ထိုလျှင် အကြောင်းရှိသော။ ဝါ၊ ထိုအကြောင်းနှင့်သာလျှင် ဆိုင်သော။ နာမ-ရူပဿ၊ ၏။ ဣဿရာဒိဝေကလ္လေန၊ ဣဿရအစရှိသောအကြောင်း၏ ချို့တဲ့ခြင်းကြောင့်။ကဒါစိ၊ တစုံတခုသော အရာဌာန၌။ အနုပ္ပတ္တိ၊ မဖြစ်ခြင်းကို။ န ဒိဋ္ဌာ၊ မတွေ့မြင်အပ်။ တသ္မာ၊ ကြောင့်။ ဣဿရော၊ သည်။ အကာရဏံ၊ အကြောင်း မဟုတ်။

အထာပိ၊ထို့သို့မဟုတ်မူ၍လည်း။ ဝါ၊ ထိုမှ တပါးလည်း။ သင်္ဂေါဝေ၊ တီထွင်ဖန်ဆင်းခြင်းကိုသာလျှင်။ (သီ-မူ၌ ဧဝ - ပင်ရှိသည်၊ ဧဝံ၊ မသင့်) ဣဿရာဒိဟေတုကော၊ ဣဿရစသည်လျှင် အကြောင်းရှိသည်ဟု။ ယဒိ ဝုစ္စေယျ၊ အကယ်၍ ဆိုအပ်ငြားအံ့။ (ပဌမစ၍ တီထွင်ဖန်ဆင်းခြင်းသည် သာလျှင် ဣဿရ စသည်နှင့် ဆိုင်သည်ဟု ဆိုခဲ့သော် ဟူလို) သောပိ သင်္ဂပ္ပကာရော၊ ထိုတီထွင်ဖန်ဆင်းခြင်း အပြားသည်လည်း။ သဗ္ဗကာလံ၊ အခါခပ်သိမ်း။ တတော၊ ထိုဣဿရစသည်မှ။ နိဗ္ဗတ္တေယျ၊ ဖြစ်ရာ၏။ ဟိ သစ္စံ၊ မှန်၏။ သန္နိဟိတကာရဏဿ၊ ကောင်းစွာအသင့်တည်ရှိသော အကြောင်းရှိသော။ ဝါ၊ ကောင်းစွာ အသင့် တည်ရှိသော အကြောင်းနှင့် ပြည့်စုံသော။ ဖလဿ၊ အကျိုး၏။အနုပ္ပတ္တိ၊ မဖြစ်ခြင်းမည်သည်။ နယုတ္တာ၊

http://www.dhammadownload.com

မသင့်။စ၊ သည်မျှသာမကသေး။ နိစ္စေမြဲသော။ အညနိရပေက္ခကာရဏော၊ တခြားတပါးကို ငဲ့ခြင်း မရှိသော အကြောင်းသည်။ သတိ၊ ရှိသော်။ သဂ္ဂဿ၊ တီထွင်ဖန်ဆင်းခြင်း၏။အာဒိယေဝ၊အစသည်ပင်လျှင်။နယုတ္တော၊ မသင့်။ (ကသ္မာ၊ဟူမူ။)ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဣဿရာဒိကံ။ ဣဿရအစရှိသော။ ကာရဏံ၊ အကြောင်းသည်။အတ္ထိ၊ရှိ၏။ တာဝ၊ထိုမျှလောက်သော ကာလပတ်လုံး။သဂ္ဂဿ၊ တီထွင်ဖန်ဆင်းခြင်း၏။ (သီဟိုဠ်မူ၌ သဂ္ဂဿ-ဟူ၍ပင် ရှိသည်။ သဗ္ဗဿ-ကား မသင့်) အတ္ထိဘာဝ-ပသင်္ဂတော၊ ရှိသည်၏ အဖြစ်သို့ရောက်ခြင်းကြောင့်တည်း။ အထာပိ၊ ထိုသို့မဟုတ်မူ၍ လည်း။ ဝါ၊ ထိုမှတပါးလည်း။ အညေပိ၊ ဣဿရစသည်မှ တပါးလည်း ဖြစ်ကုန်သော။ ပစ္စယာ၊ အကြောင်းတို့သည်။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ ဟောန္တိယေဝ၊ ရှိကုန်သေးသည်သာတည်း။ ဣဿရာဒိကမ္ပိ၊ ဣဿရအစရှိသော အကြောင်းသည်လည်း။ တေသံ၊ ထို တပါးသော အကြောင်းတို့၏။ သဟကာရီကာရဏံ၊အဘူတက္ခ ပြုဖော်ပြုဖက် အကြောင်းသည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ယဒိ ဝဒေယျ၊ အကယ်၍ ဆို ငြားအံ့။ ဧတ္ထ၊ ဤအရာ၌။ယံ၊ အကြင်စကားကို။ (မယာ၊သည်။) ဝတ္တဗ္ဗံ၊ ဆိုသင့်ဆိုထိုက်၏။ တံ၊ ထိုစကားကို။ ဟေဋ္ဌာ၊ အောက်၌။ ဝုတ္တမေဝ၊ ဆိုအပ်ခဲ့ပြီးသည်သာလျှင်တည်း။ အပရော၊ တပါးသော ပုဂ္ဂိုလ်သည်။ ဣဓ၊ ဤလောက၌။ ဘာဝါနံ၊ သဘောတို့ကို။ ဝါ၊ ဖြစ်ခြင်းတို့ကို။ဗုဒ္ဓိပုဗ္ဗော၊ အသိဉာဏ် ရှေ့သွားရှိသော။ ရစနာဝိသေသော၊ စီရင်ခြင်းအထူးကို။ ဒိဋ္ဌော၊ တွေ့မြင်အပ်၏။ ယထာ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ဃဋ ဂေဟာဒီနံ၊ အိုးအိမ်စသည်တို့ကို။ ရစနာဝိသေသော ယထာ၊ စီရင်ခြင်း အထူးကဲ့သို့တည်း။ အဇ္ဈတ္တိကဗာဟိရာနံ၊ အတွင်းအပ ဖြစ်ကုန်သော။ သရီရပဒုမာဒီနံ၊ ကိုယ် ပဒုမ္မာကြာ စသည်တို့ကို။ ရစနာဝိသေသော စ၊ စီရင်ခြင်း အထူးသည်လည်း။ အတ္ထိ၊ ရှိ၏။ တသ္မာ၊ ထို့ကြောင့်။ တေနာပိ၊ ထိုစီရင်ခြင်း အထူးသည်လည်း။ ဗုဒ္ဓိပုဗ္ဗေန၊ အသိဉာဏ် ရှေ့သွားရှိသည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။စ၊ ဆက်၍ ဆိုဦးအံ့။ သော၊ ထိုစီရင်ခြင်း အထူးသည်။ ယဿ၊ အကြင်ပုဂ္ဂိုလ်၏။ ဗုဒ္ဓိပုဗ္ဗော၊ အသိဉာဏ် ရှေ့သွားရှိ၏။ သော၊ ထိုအသိဉာဏ်၏ ပိုင်ရှင်ဖြစ်သော ပုဂ္ဂိုလ်သည်။ ဣဿရာဒိကော၊ ဣဿရ စသည်ပင်တည်း။ တသ္မာ၊ ထို့ကြောင့်။ တေန၊ ထိုဣဿရစသည်သည်။ နာမရူပသညိတဿ၊ နာမ်ရုပ်ဟုဆိုအပ်သော။ လောကဿ၊ လောက၏။

http://www.dhammadownload.com

ကာရဏေန၊ အကြောင်းသည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ ဝါ၊ ဖြစ်သင့် ဖြစ်ထိုက်၏။ ဣတိ၊ သို့။ ယဒိ ဝဒေယျ၊ အကယ်၍ ဆိုငြားအံ့။ သရီရပဒုမာဒယော၊ ကိုယ် ပဒုမ္မာကြာ စသည်တို့ကို။ ရစိတာ၊ စီရင်အပ်ကုန်၏။ ဣတိ၊ ဤသို့ ဆိုသော။ ၎တယိဒံ-တံ ဣဒံ၊ ထိုစကားသည်။ အသိဒ္ဓံ၊ မပြီးစီး။ [၃၇၁] ကသ္မာ၊ ဟူမူ။ တဒထဝ၊ ထိုအတူသာလျှင်။ ဝါ၊ ထိုအခြင်းအရာအားဖြင့် သာလျှင်။ (သီ-မူ၌ တထေဝ-ဟူ၍ပင် ရှိ၏။ တမျိုးတည်းသော အခြင်း အရာဖြင့် ထပ်တူချည်းဖြစ်နေသည်-ဟု ဆိုလို၏။ တတ္တေဝ - ကား အနက် အဓိပ္ပါယ်မရ) ဥပ္ပန္နတ္တာ၊ ဖြစ်သည်၏ အဖြစ်ကြောင့်တည်း။ ဟိ၊ ချဲ့၍ ပြဦးအံ့။ ဥပ္ပန္နသ၊ ဖြစ်ပြီးသော ဝတ္ထုကို။ သန္နိဝေသဝသေန၊ ကောင်းစွာ သွင်းထားသည်၏ အစွမ်းအားဖြင့်။ ဝါ၊ ကောင်းစွာ ချထားသည်၏ အစွမ်း အားဖြင့်။ တထာတထာ၊ ထိုထိုသို့သော အခြင်းအရာအားဖြင့်။ ပဌပနံ၊ ဖြစ်စေခြင်းကို။ ရစနာတိ၊ စီရင်ခြင်းဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။ စ၊ ဆက်၍ ဆိုဦးအံ့။ အယံ၊ ဤအသိဉာဏ် ရှေ့သွားရှိသော စီရင်ခြင်းအထူး သည်။ အနေကန္တိကော၊ ကေန်မုချ မဟုတ်။ (ကသ္မာ၊ ဟူမူ။) အဗုဒ္ဓိ- ပုဗ္ဗသာပိ၊ အသိဉာဏ် ရှေ့သွား မရှိသော စီရင်ခြင်း အထူး၏လည်း။ ဒိဋ္ဌတ္တာ၊ တွေ့မြင်အပ်သည်၏ အဖြစ်ကြောင့်တည်း။ ဟိ၊ ချဲ့၍ပြဦးအံ့။ နှာရုအာဒိနံ၊ အကြော စရှိသည့်ဘို့၏။ ဝါ၊ တို့ကို။ အဂ္ဂိသံယောဂေန၊ မီးနှင့်ယှဉ်ခြင်းကြောင့်။ ရစနာဝိသေသော၊ စီရင်ခြင်းအထူးကို။ ဒိဋ္ဌော၊ တွေ့မြင်အပ်၏။ တထာ၊ ထိုအတူ။ ဝိသုဃာန္တာနံ၊ ခြောက်သွေ့ကုန်သော။ ပုပ္ဖစမ္မာဒီနံ၊ ပန်း သားရေ စသည်တို့၏။ ဝါ၊ တို့ကို။ ရစနာဝိသေသော၊ စီရင် ခြင်း အထူးကို။ ဒိဋ္ဌော၊ တွေ့မြင်အပ်၏။ ပန၊ အပြစ်ကိုပြဦးအံ့။ ဣဿရာဒိကော၊ ဣဿရစသည်သည်။ ဂဝဿဇဂဒြဘာဒီနံ၊ နွား မြင်း ဆိတ် မြည်း အစရှိသော သတ္တဝါတို့၏။ ကရီသာဝတ္တေ၊ အစာဟောင်း အိမ်အူ၌။ ပဋိမုဟုတ္တံ၊ မုဟုတ်တိုင်း မုဟုတ်တိုင်း။ ဝါ၊ ခဏတိုင်း ခဏတိုင်း။ (သီ-မူ၌ ပဋိမုဟုတ္တံ- ဟူ၍ပင် ရှိ၏။) ယဒိ ရစေယျ၊ အကယ်၍ စီရင်ငြားအံ့။ (သော၊ ထိုဣဿရ စသည်သည်။) ဥမ္မတ္တော ဝိယ၊ အရူးကဲ့သို့။ ဝိက္ခိတ္တော၊ ပျံ့လွင့်သည်။ တနည်း။ ဝိစိတ္တော၊ ဖောက်ပြန်သောစိတ်ရှိသည်။ သိယာ၊ ဖြစ်ရာ၏။

ကိဉ္စ၊ အနည်းငယ်ဆိုဘွယ်ရှိသေး၏။ အယံ၊ ဤဣဿရသည်။ လောကံ၊ လောကကို။ သဇ္ဇေန္တော၊ ဖန်ဆင်းစီရင်သည်ရှိသော်။ အတ္တတ္ထံဝါ၊ မိမိ

http://www.dhammadownload.com

အကျိုးငှါမူလည်း။ သဗ္ဗေယျ၊ ဖန်ဆင်း စီရင်ရာ၏။လောကတ္ထံဝါ၊ လောက
အကျိုးငှါမူလည်း။ သဗ္ဗေယျ၊ဖန်ဆင်း စီရင်ရာ၏။ တတ္ထ၊ ထိုနှစ်ပါးသော
အဖို့ဘို့ဘွင်။(စ-သဒ္ဒါပိုသည်၊ သီ-မူဠ် မရှိ။)ပုရိမောပက္ခော၊ ရှေ့အဖို့သည်။
ယဒိ သိယာ၊အကယ်၍ဖြစ်ငြားအံ့။(သီ-မူဠ် ပက္ခော ဟူ၍ပင်ရှိ၏၊ မက္ခော-
ကားမသင့်။) ကတကိစ္စော၊ ပြုအပ်ပြီးသော ကိစ္စရှိသည်။ နသိယာ၊ မဖြစ်
လေရာ။ (ကသ္မာ၊ ဟူမူ။) လောကေန၊ လောကဖြင့်။ ဝါ၊ လောကကို
ဖန်ဆင်းခြင်းဖြင့်။ သာဓေတဗ္ဗဿ၊ပြီးစေအပ်သောအကျိုး၏။ အတ္ထိဘာဝ-
တော၊ ရှိနေသည်၏ အဖြစ်ကြောင့်တည်း။ အထ၊ ထိုသို့မဟုတ်မူ၍။
ဒုတိယောပက္ခော၊ ဒုဘိယအဖို့သည်။ ယဒိသိယာ၊ အကယ်၍ ဖြစ်ငြားအံ့။
လောကဿ၊ လောက၏။ အဟိတဒုက္ခာဝဟံ၊ အကျိုးမဲ့ ဆင်းရဲကို ဆောင်
တတ် ဖြစ်စေဘတ်သော။ ပါပံ စ၊ မကောင်းမှုကိုရင်း။ နိရယာဒိံ စ၊ ငရဲ
စသည်ကိုရင်း။ ဇရာမရဏာဒိဥ္စ၊ အိုခြင်း သေခြင်းစသည်ကိုရင်း။ ကသ္မာ၊
အဘယ်ကြောင့်။ သဗ္ဗေဘိ၊ ဖန်ဆင်း စီရင်ဘိသနည်း။ (သဗ္ဗဓာတ် စုရာဒိ
ဂိုဏ်းဖြစ်သောကြောင့် သဗ္ဗေတိ-ဟု ရှိသင့်သည်။)အထ၊ထိုသို့မဟုတ်မူ၍။
တဒုဘယံ၊ ထိုနှစ်ပါးစုံကို။ အနာမသိတွာ၊မသုံးသပ်မူ၍။ ကီဠတ္ထံ၊ ကစား
ခြင်း အကျိုးငှါ။ ယဒိ သဗ္ဗေတိ၊အကယ်၍ ဖန်ဆင်း စီရင်ငြားအံ့။ ကီဠာစ
နာမ၊ ကစားခြင်း မည်သည်လည်း။ ရတိအတ္ထာ၊ ပျော်မွေ့ခြင်း အကျိုးရှိ
သည်။ ဟောတိ၏။ ကီဠာယ၊ကစားခြင်းနှင့်။ ဝိနာ၊ကင်း၍။ရတိံ၊ပျော်
မွေ့ခြင်းကို။ (အဇာနန္တာနံ-ဟု ရှိသောပါဠ်ကား သင့်လျော်သောအနက်ကို
မရနိုင်။ နောက်၌ ဆိုလတံ့သော အာရဘန္တော-ဟူသော ပုဒ်နှင့် အရတူ
အဇာနံ-ဟုသော်ရင်း၊ အဇာနန္တော-ဟု သော်ရင်း ဖြစ်သင့်၏။)အဇာနံ-
အဇာနန္တော၊ မသိသည်ဖြစ်၍။ရတိအတ္ထဥ္စ၊ ပျော်မွေ့ခြင်းအကျိုးငှါလည်း။
ကီဠံ၊ကစားခြင်းကို။ အာရဘန္တော၊ အားထုတ် ပြုလုပ်ရှာသော။ဣဿရော၊
အစိုးရသူ ဣဿရသည်။ ရတိယံ၊ ပျော်မွေ့ခြင်း၌။ အနိဿရော၊ အစိုးမရ
သည်။ သိယာ၊ ဖြစ်ရာ၏။ အထ၊ ထိုသို့မဟုတ်။ ပယောဇနနိရပေက္ခော၊
အကျိုးကိုမငဲ့မူ၍။ ယဒိ သဗ္ဗေတိ၊ အကယ်၍ ဖန်ဆင်းစီရင်ငြားအံ့။
သဗ္ဗကာလံ၊အခါခပ်သိမ်း။ သဗ္ဗေယျ၊ ဖန်းဆင်း စီရင်ရာ၏။ စ၊ ဆက်ဦးအံ့။
တဿ၊ ထိုဣဿရ၏။ အယံ သဗ္ဗနသမတ္ထတာ၊ ဤဖန်ဆင်း စီရင်ခြင်း၌
စွမ်းနိုင်သည်၏ အဖြစ်သည်။ ဝါ၊ ဖန်ဆင်း စီရင်နိုင်သော အစွမ်းသတ္တိ
တန်ခိုးသည်။ အဟေတုကာ ဝါ၊ အကြောင်း မရှိသည်မူလည်း။ သိယာ၊

http://www.dhammadownload.com

ဖြစ်ရာ၏။ သဟေတုကာ ဝါ၊ အကြောင်းရှိသည်မူလည်း။ သိယာ၊ ၏။ အဟေတုကာ၊ အကြောင်းမရှိသည်။ စ ဟောတိ၊ အကယ်၍ ဖြစ်ငြားအံ့။ (ဤမှ နောက်၌၊ "သဗ္ဗသံ သိယာ သဟေတုကာဝါ အဟေတုကာ စ-"ဟူသော ဤပါဌ်အလုံးစုံသည် သီဟိုဠ်မူ၌ မရှိ၊ အပိုမျှသာ ဖြစ်သည်။) သဗ္ဗသမ္ပိ၊ ခပ်သိမ်းသောပုဂ္ဂိုလ်တို့အားလည်း။ သိယာ၊ ၏။ အထ၊ သို့မဟုတ်။ သဟေတုကာ၊ အကြောင်းရှိသည်။ (စ ဟောတိ၊ အံ့။) အဿ၊ ထိုဉ္စာဏသရ၏။ သော စ ဟေတု၊ ထိုအကြောင်းသည်လည်း။ ပရတော ဝါ၊ သူတပါးအထံမှ မူလည်း။ သမ္ဘူတော၊ ဖြစ်သည်။ သိယာ၊ ၏။ အတ္တတော ဝါ၊ မိမိကိုယ်တိုင်မှမူလည်း။ သမ္ဘူတော၊ သည်။ သိယာ၊ ၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ ပရတော၊ သူတပါးထံမှ။ စေ သမ္ဘူတော၊ အကယ်၍ ဖြစ်ငြားအံ့။ (ယဒဿ-ကား မသင့်၊ သီဟိုဠ်မူ၌ ယထဿ-ဟု ရှိ၏၊ ထိုပါဌ်လည်း မသင့်။ ယဘဿ-ဟု ရှိရမည်။ ယတော အဿ-ဟု ပုဒ်ဖြတ်။) ယတော၊ အကြင်ပုဂ္ဂိုလ်ထံမှ။ သော၊ ထိုအကြောင်းကို။ အဿ၊ ထိုဉ္စာဏသရသည်။ လဒ္ဓေါ၊ ရအပ်၏။ အယံ၊ ဤဉ္စာဏသရသည်။ တဿ၊ ထိုအကြောင်းရှင်ဖြစ်သော ပုဂ္ဂိုလ်၏။ ဝေယျာဝစ္စကရသဒိသော၊ အမှုကြီးငယ်ကို ပြုလုပ်ဆောင်ရွက်သောတပည့်နှင့် တူသည်။ သိယာ၊ ၏။ အထ၊ ထိုသို့မဟုတ်မူ၍။ အတ္တတော၊ မိမိကိုယ်တိုင်မှ။ စေ သမ္ဘူတော၊ အကယ်၍ ဖြစ်ငြားအံ့။ တဒုပ္ပတ္တိတော၊ ထိုအကြောင်း ဖြစ်ပေါ်သည်မှ။ ပုဗ္ဗေ၊ ရှေး၌။ အယံ၊ ဤဉ္စာဏသရသည်။ ကီဒိသော၊ အဘယ်သို့ သဘောရှိသနည်း။ လောကော စ၊ လောကသည်လည်း။ ကီဒိသော၊ ရှိသနည်း။ ဣတိ၊ သို့။ ဣဒံ သဗ္ဗံ၊ ဤအလုံးစုံသည်။ အာလုနဝိသီဏံ၊ အပြတ်ပြတ် အစုတ်စုတ်ရှိ၏။ ဝါ၊ အစုတ်စုတ် အပြတ်ပြတ်ရှိ၏။ (အာ-အလွန်+လုန-ဖြတ်အပ်သည်-ပြတ်သည်။ ဝိ-အထူးသဖြင့်+သီဏ-ဆုတ်အပ်သည်-စုတ်သည်။ အာလုနဝိသီဏ-အပြတ်ပြတ် အစုတ်စုတ်ရှိ၏။ မြန်မာ စကား၌ အစုတ်စုတ်အပြတ်ပြတ်-ဟု ပြောလေ့ရှိသည်အား လျော်စွာ "အစုတ်စုတ်အပြတ်ပြတ်ရှိ၏"ဟု တနည်း ပြန်လိုက်သည်။ သက္ကတအဘိဓာန်၌ ဝိ+ဿ (သြိ)-ဓာတ်ဖြင့် ဝိသီဏ-ဟုရှိ၏။ ပါဠိ၌ ဝိသီဏ, သို့မဟုတ် ဝိသိဏ္ဏ-ဟုဖြစ်သင့်၏။) အာကုလဗျာကုလံ၊ အလွန်ရောယှက်ရှုပ်ထွေး၏။ ဂေါယူထေန၊ နွားအုပ်သည်။ ဂတမဂ္ဂသဒိသံ၊ သွားထားသော လမ်းနှင့်တူ၏။ ဖေဏပိဏ္ဍသမံ၊ ရေမြှုပ်စိုင်နှင့် တူသည် ဖြစ်၍။ အဝိမဒ္ဒက္ခမံ၊ ဆုပ်နယ်ခြင်းငှါ မခံ့။ ဝါ၊ အဆုပ်အနယ်မခံ။ အသာရံ၊ အနှစ်မရှိ။

http://www.dhammadownload.com

ပသင်္ဂေါ၊ စပ်လျဉ်းသော အရာသည်။ တိဋ္ဌတု၊ ဘည်ပါစေတော့။ ယထာဓိ-ကာဘမေဝ၊ ချထားအပ်-မိန့်ဆိုအပ်တိုင်းသော ပုဒ်ပါဌ်ကို သာလျှင်။ ဝဏ္ဏ-ယိဿာမ၊ ဖွင့်ဆိုကုန်အံ့။

သမယန္တရဝါဒရှင်းချက်နိဿယ ပြီး၏။

http://www.dhammadownload.com

မဟာဋီကာ သမယန္တရပိုင်း ဂဏ္ဌိနိဿယ နောက်ဆက်တွဲ

သာဝိတ္တိ ဂါထာအကြောင်း

သာဝိတ္တိဂါထာသည် ဗြာဟ္မဏဘို့၏ လောကီသာဝိတ္တိဂါထာ, ဗုဒ္ဓမြတ်စွာ၏ အရိယသာဝိတ္တိဂါထာ-ဟူ၍ နှစ်မျိုးကွဲပြားလျက် ပိဋကတ်၌ ထင်၏။ ထိုတွင် "တံ တံ သာဝိတ္တိံ ပုစ္ဆာမိ၊ တိပဒံ စတုဝီသတက္ခရံ" ဟူသော သုတ္တနိပါတပါဠိ၏ အဖွင့်အဋ္ဌကထာ (၂-၁၃၀) ၌ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" ဟူသော ဤသရဏဂုံ သုံးပုဒ်ကို အရိယသာဝိတ္တိဂါထာ-ဟု ဖွင့်ပြထားသောကြောင့် အရိယသာဝိတ္တိဂါထာကိုကား ပါဠိကျမ်းတတ်ပညာရှိတို့ ကောင်းစွာ သိနားလည်ကြပေ၏။ သို့သော် "သာဝိတ္တီ ဆန္ဒသော မုခံ" ဟူသော သေလသုတ် ပါဠိတော်အရ ဗြာဟ္မဏတို့၏ လောကီသာဝိတ္တိဂါထာကိုကား ပါဠိသင်သူတို့မှာ ကစ္စည်းကျမ်း သန္ဓိပိုင်းမှစ၍ တွေ့လာခဲ့ကြသော်လည်း ကျကျနနသိသူတို့ အလွန်နည်းဟန် ရှိပေ၏။ ထိုကြောင့်ပင် "ဆန္ဒသော၊ ဝေဒ၏။ ဝါ၊ ဝေဒကို ရွတ်ဖတ်ခြင်း၏။ မုခံ၊ ရှေ့သွားတည်း" ဟု အနက်ပေးရမည်ကို "ဆန္ဒသော၊ ဆန်းကျမ်း၏။ မုခံ၊ အစတည်း" ဟု အနက်ပေးထားသည်ကိုလည်း တွေ့ရပေသည်။ ၎င်းဂါထာမှာ သာသနာတော်၌ အသုံးမကျသော်လည်း ဘုတ္တန်ပိဋကတ် သံယုတ္တနိကာယ် ခုဒ္ဒကနိကာယ် နှစ်ဌာနတို့၌ရှင်း ဝိနည်း ပိဋကတ်၌ရှင်း အထင်အရှား ရှိနေသောကြောင့် ထိုလောကီသာဝိတ္တိဂါထာကိုလည်း သိနားလည်ထားသင့်၏။ သို့ဖြစ်၍ ၎င်းကို ဤ၌ အကျဉ်းချုပ် ဖော်ပြဦးအံ့။

သေလသုတ်၏အဖွင့် (မ ဋ္ဌ ၃-၂၇၈ နှင့် သုတ္တ နိ၊ဋ္ဌ၊ ၂-၁၇၇) တို့၌ ဝေဒကျမ်းဘို့ကို ရွတ်ဖတ်သော အခါ ထိုသာဝိတ္တိဂါထာကို ရှေးဦးစွာ ရွတ်ဆိုရသောကြောင့် "သာဝိတ္တီ ဆန္ဒသော မုခံ" ဟူ၍ ဟောတော်မူကြောင်း ဖွင့်ပြထား၏။ ထိုအဖွင့်ကို (မ၊ ဋီ၊ ၃-၁၈၄-၌) "ဘူရ် ဘုဝး သွး ဣတိ သာဝိတ္တိပုဗ္ဗကတ္တာ မုခံ ပုဗ္ဗင်္ဂမံ" ဟု ထပ်ဆင့်၍ ဖွင့်ပြထားပေ၏။ ထိုဋီကာ၏ မှီရာ ဗြာဟ္မဏဘို့၏ကျမ်းရင်းမှာ မနုဓမ္မသတ် ဒုတိယပိုင်း ၈၁-ခုမြောက် ဂါထာပင် ဖြစ်ကြောင်း အဘယာရာမဆရာတော်ဘုရားက ညွှန်ကြားထားခဲ့၏။ ထိုဂါထာမှာ အောက်ပါအတိုင်း ဖြစ်သည်။

http://www.dhammadownload.com

၂-ဂါ။ ဥံ-ကာရပုဗ္ဗိကာ တိဿော၊ မဟာဗျာဟတိယော' ဗျယာ။
တိပါဒါ စေဝ သာဝိတ္တီ၊ ဝိညေယျံ ဗြဟ္မနော မုခံ။

ဥံ-ကာရပုဗ္ဗိကာ၊ (အ-ဥ-မ-ဟူသော အက္ခရာသုံးလုံးအပေါင်းဖြင့်ပြီးသော) ဥံအက္ခရာလျှင် ရှေ့သွားရှိကုန်သော။ တိဿော၊ သုံးခုကုန်သော။ အဗျယာ၊ ပျက်စီးခြင်း မရှိကုန်သော။မဟာဗျာဟတိယော၊ ဘူရ် ဘုဝး သွး-ဟူသော မြတ်သော ရွတ်ဆိုခြင်း (မဟာဗျာဟရိတိ) တို့ကိုရင်း။ တိပါဒါ၊ သုံးပါဒရှိသော။ သာဝိတ္တီ စေဝ၊ သာဝိတ္တိဂါထာကိုရင်း။ ဗြဟ္မနော၊ ဝေဒ၏။ မုခံ၊ ရှေ့သွားစကားဟူ၍။ ဝိညေယျံ၊ သိအပ်၏။

အ-သည် ဗိဿဏိုး၏ အမည်၊ ဥ-သည် သိဝ၏အမည်၊မ-သည် ဗြဟ္မာ၏ အမည်ဖြစ်သည်။ ၎င်းအက္ခရာ သုံးလုံးအပေါင်းကို သက္ကတ၌ ဩမ်-ဟု ရေး၏၊ မြန်မာ၌ ဥံ-ဟု ရေးကြ၏၊ အုမ်-ဟုရေးလျှင် သာ၍ပေါ်လွင် ထင်ရှားပေမည်။ မနုဓမ္မသတ်ကျမ်း ဤအပိုင်း၌ပင်လျှင် ဂါထာနံပါတ် ၇၄-၌ ဝေဒတို့ကို ရွတ်ဆိုသင်အံလျှင် ရှေးဦးစွာ ဥံ-ခံရမည်၊ အဆုံး၌လည်း ဥံ-ဖြင့် အဆုံးသတ်ရပိတ်ရမည်၊ အစ၌ ဥံမခံလျှင် ဖြေးဖြေးချင်း မေ့ပျောက်သွားတတ်သည်၊ အဆုံး၌ ဥံမပိတ်လျှင် တည်တံ့ခြင်းကိုပင် မရနိုင် ဟူ၍ ဆိုထားသေး၏။ ဤမျှအထိပင်လျှင် ဗြာဟ္မဏတို့သည် ဥံကို အလေးပြုကြ၏။ ဗုဒ္ဓဘာသာဝင်တို့သည်ကား ဗိဿနိုး သိဝ ဗြဟ္မာတို့အား အလေးပြုသော ထိုဥံ့ကို ရွတ်ဆိုရန်ပင် မသင့်။

ဤဂါထာ၏ အဖွင့် ဋီပ္ပဏီ၌ "မဟာဗျာဟတိယော ဘူရ် ဘုဝး သွး ဣစ္စေ ဘာ"ဟု ဖွင့်ပြထား၏၊ သက္ကတအဘိဓာန်ကြီး၌လည်း အနက်အဓိပ္ပါယ်အသိခက်သော ဘုံခုနစ်မျိုး၏ အမည်ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းသည် ဗျာဟရိတိ မည်ကြောင်း၊ထိုခုနစ်မျိုးမှာလည်း"ဘူရ် ဘုဝး သွး မဟး ဇနး တပး သစ္စ-ဟူသော အမည်တို့ပင် ဖြစ်ကြောင်း၊ ထိုတွင်လည်း "ဘူရ် ဘုဝး သွး"ဟူသော အစ ၃ ခုကို မဟာဗျာဟရိတိ-ခေါ်ကြောင်း၊ ဝေဒကို ရွတ်ခါနီးတွင် ဥံခံ၍ ၎င်းမဟာဗျာဟရိတိ ဘုံ့ကို ဗြာဟ္မဏတို့ရွတ်လျက် ဆုတောင်းလေ့ရှိကြောင်းများကို ပြဆိုထား၏၊ ထို့ကြောင့် မဟာ-ဗျာဟတိယော-ပုဒ်ကို ဘူရ် ဘုဝး သွး-ဟူသော မြတ်သော ရွတ်ဆိုခြင်းတို့ကိုရင်း-ဟူ၍ သရုပ်ဖော် လျက် အနက်ပြန်သည်။ မနုဓမ္မသတ်၌လည်း ရှေးလေးဂါထာခြားသော ၇၈-ဂါထာ၌ အောက်ပါအတိုင်း ဆိုထားသေး၏။

http://www.dhammadownload.com

၂-၇၆ အကာရံ စာပျုကာရံ စ၊ မကာရံ စ ပဇ္ဇာပတိ။
ဝေဒတ္တယာ နိရဒုဟ၊ ဘူရ် ဘုဝး သွး ဣတီတိ စ။

ပဇ္ဇာပတိမည်သော အရှင်ဗြဟ္မာမင်းသည် အ-အက္ခရာကိုရင်း ဥ-အက္ခရာကိုရင်း မ-အက္ခရာကိုရင်း ဘူရ် ဘုဝး သွး-ဟူသော မဟာဗျာဟရိတိ ၃-ခုကိုရင်း ဝေဒသုံးပုံမှ ညှစ်ထုတ်ခဲ့လေပြီ-ဟု ဆိုလို၏။

သို့သော် ပဏ္ဍာသဠီကာ၌ပြသော "ဘူရ် ဘုဝး သွး" ဟူသော ဤသုံးပုဒ်သည် "သာဝိတ္တိဂါထာမှာ ၈-လုံးဖွဲ့ သုံးပါဒရှိ၍ အက္ခရာ ၂၄-လုံးရှိသည်" ဟူသော အဆိုနှင့်ကား မညီသေးပေ။ ထိုအဆိုနှင့် ညီသော သာဝိတ္တိ ဂါထာအစစ်မှာ အောက်ပါပင် ဖြစ်သည် ဟူ၏။

တတ် သဝိတုရ် ဝရေဏျံ၊
ဘရ်ဂေါ ဒေဝသျ ဓီမဟိ၊
ဓိယော ယော နး ပြစောဒယာတ်။

၎င်းကို ပါဠိဘာသာပြန်လျှင် အောက်ပါအတိုင်း ဖြစ်သင့်၏။

တံ သဝိတု ဝရေဏျံ၊
ဘဂ္ဂေါ ဒေဝဿ ဓီမဟိ၊
ဓိယော ယော နော ပစောဒယေ။

အထက်ပါသာဝိတ္တိဂါထာမှာ ဣရုဝေဒ ၃-မဏ္ဍလ ၆၂-သုတ္တ ၁၀-နံပါတ် ဂါထာ ဖြစ်သည်။ ၎င်း၌ ပဌမပါဒတွင် အက္ခရာတလုံးလိုနေ၏၊ထိုအတွက် အက္ခရာရှစ်လုံး ပြည့်စေရန် ဏျံ-၌ ဏ-တလုံး ယံ-တလုံး ဤသို့ ခွဲယူရမည် ဟူ၍၎င်း၊ ဏျံ-ကို ရွတ်ဖတ်သောအခါ ဏိယံ-ဟု ရွတ်ဖတ်ရမည် -ဟူ၍၎င်း၊ အစ၌ ဥံ အက္ခရာနှင့်တကွ "ဥံ တတ် သဝိတု ဝရေဏျံ"ဟု ရှစ်လုံး ရေတွက်ရမည်-ဟူ၍၎င်း၊ ၃-နည်း ဆိုကြ၏။ အနက်မှာလည်း အမျိုးမျိုးပြန်ကြ၏။ အောက်ပါအနက်မှာ ထိုအမျိုးမျိုးထဲမှ တမျိုး ဖြစ်သည်။

ယော သဝိတာ၊ အကြင် နေမင်းသည်။ ဝေါ၊ အကြင်နေနတ်မင်းသည်။ နော၊ အကျွန်ုပ်တို့၏။ ဓိယော၊ အသိဉာဏ်တို့ကို။ ဝေါ၊ ဝတ်ပြုမှုတို့ကို။ ပစောဒယေ၊ နှိုးဆော်ပြည့်နှင်း တိုက်တွန်း အားပေးတတ်ပေ၏။ သဝိတု၊ နေမင်းဟူသော။ တဿ ဒေဝဿ၊ ထိုနတ်မင်း၏။ တံဘဂ္ဂေါ-တံ

http://www.dhammadownload.com

ဘဂ္ဂံ၊ ထိုအလင်းရောင်ကို။ ဝါ၊ ထိုဘုန်းတန်ခိုးကို။ (ဝစောသုတ္တာ-၌ကဲ့သို့ အံ-ကို ဩ-ပြုသည်ဟု ယူအပ်၏၊ သက္ကတ၌ ဘရ်ဂသ်-ဟု သကာရန္တ-နပုလ္လိန်ပုဒ်ဖြစ်သည်။) မယံ၊ အကျွန်ုပ်တို့သည်။ မိမဟိ-မိမေ့၊ နှလုံးသွင်း ထင်မြင် ဆင်ခြင်အောက်မေ့ပါကုန်၏။ ဝါ၊ ရလိုပါကုန်၏။

အထက်ပါ အနက်အရဖြင့် သာဝိတ္တိ ဟူသော အမည်မှာ သဝိတာ မည်သော နေနတ်အား အရိုအသေပြုသော ဂါထာဖြစ်သောကြောင့်ပင် ဖြစ်သည်ဟု ထင်ရှား၏။

ဤမျှဖြင့်....ဗြာဟ္မဏတို့သည်ဝေဒတို့ကိုရွတ်ဖတ်သရဇ္ဈာယ်သောအခါ ရှေးဦးစွာ "ဉံ ဘူရ် ဘုဝး သွး" ဟူ၍သော်ငှင်း "ဉံ တတ် သဝိတု ဝရေဏျံ၊ ဘရ်ဂေါ ဒေဝဿျ မိမဟိ၊ မိယော ယော နး ပြစောဒယာဒ်" ဟူ၍သော်ငှင်း ဉံ ဘူရ် ဘုဝး သွး၊ တတ် သဝိတု ဝရေဏျံ၊ဘရ်ဂေါ ဒေဝဿျ မိမဟိ၊ မိယော ယော နး ပြစောဒယာတ်-ဟူ၍သော်ငှင်း ရွတ်ဆိုကြသည်၊ ထိုသို့ ဆိုပြီးမှ ဝေဒဘ်တို့ကို ရွာဘ်ဖတ်သရဇ္ဈာယ်ကြရသည်။ ထို့ကြောင့် ထိုသာဝိတ္တိဂါထာကို သိနားလည်၍ လေးစားနေသော ကောဏ္ဍိယရသေ့ ပုဏ္ဏားအား မြတ်စွာဘုရားက "သာဝိတ္တိ ဆန္ဒသော မုခံ" ဟု အနုမောဒနာ တရား ဟောကြားတော်မူသည်ဟူ၍ သိနားလည်နိုင်ပြီ။

သာဝိတ္တိ ဂါထာ အကြောင်း ပြီး၏။

မဟာဋီကာ သမယန္တရပိုင်း ဂဏ္ဌိနိဿယ နောက်ဆက်တွဲ ပြီး၏။

န-ဗ-သ-စ—၃၀၁—၄-၁၀-၆၂—၁၀၀၀။

http://www.dhammadownload.com